ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday 24 May 2018 ၉၂၉၆

# နှစ်နိုင်ငံ အပြန်အလှန်ကူညီရေးနှင့် ရန်ကုန်-ကိုလံဘို လေကြောင်းခရီးစဉ်ပြေးဆွဲရေး ကိစ္စရပ်များ ဆွေးနွေး

## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ သံအမတ်ကြီး H.E. Mr. K.W.N.D. Karunaratne အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံအကြား အပြန်အလှန်ကူညီဆောင်ရွက်ရေး၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်ရေး၊ ရန်ကုန်-ကိုလံဘို လေကြောင်းခရီးစဉ်ပြေးဆွဲရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ လှုပ်ရှားဆောင်ရွက်မှုများအပေါ်

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကန့်ကွက်ပြောကြား

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ယနေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၌ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury အား ခေါ်ယူတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ နယ်နိမိတ်မှတ်တိုင် အမှတ်(၃၄)နှင့် (၃၅)အကြား နယ်စပ်လုံခြုံရေးရာကိစ္စရပ်များအား ဆွေးနွေးကာ သတိထောက်လှမ်းကို ပေးအပ်ခဲ့သည်။

**ဆိုးကျိုးများဖြစ်ပေါ်လာနိုင်**

ပြည်ထောင်စုဝန်ကြီးက နယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံမဆောက်လုပ်ရန် တားမြစ်ထားသည့် ဧရိယာအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဘန်ကာများဆောက်လုပ်ထားမှုအပေါ် မြန်မာနိုင်ငံက ကန့်ကွက်ထားခဲ့သည့်ကိစ္စအား ထပ်လောင်းပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ဘင်္ဂလားဒေ့ရှ်ဘက်မှ အုတ်များ၊ ဆောက်လုပ်ရေးပစ္စည်းများအား နယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံ မဆောက်လုပ်ရန် တားမြစ်ထားသည့် ဧရိယာသို့ သယ်ဆောင်လာနေမှုများရှိနေသည်ကို ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား ထောက်ပြခဲ့ပြီး ယင်းလုပ်ရပ်သည် နှစ်နိုင်ငံနယ်စပ်လုံခြုံရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်ကြောင်း ပြောကြားခဲ့သည်။

**လိုက်နာသွားရန်နှင့် တားဆီးပေးရန်**

ပြည်ထောင်စုဝန်ကြီးက ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ဆောက်လုပ်ထားသည့် ဘန်ကာများ ဖယ်ရှားပေးရေးနှင့် အခြားအဆောက်အအုံများ ဆောက်လုပ်မှုကို တားဆီးပေးရန် တောင်းဆိုခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာသွားရန်နှင့် နှစ်နိုင်ငံအကြား နားလည်မှုလွဲမှားစေမည့်လုပ်ရပ်များ လုပ်ဆောင်ခြင်းမှ တားဆီးပေးရန်လည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးနည်းပညာသင်တန်းများ နီးနှောဖလှယ်ပွဲများ ကျင်းပပေးရန် အဆိုတင်သွင်း

ပြည်သူ့လွှတ်တော်အစည်းအဝေး စာမျက်နှာ » ၅

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြု

အမျိုးသားလွှတ်တော်အစည်းအဝေး စာမျက်နှာ » ၇



## ကြေးမုံ

# သားသမီးများပညာရေး စိတ်အေး

ပညာရေးဝန်ကြီးဌာနက ကျောင်းနေစအရွယ် ကလေးငယ်များအားလုံး ကျောင်းတက်နိုင်ရန်အတွက် နှစ်စဉ် ပညာသင်နှစ်စတင်သည့် မေ ၂၅ ရက်မှ ၃၁ ရက်အထိကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ထားသဖြင့် မနက်ဖြန်နံနက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများတွင် မိမိတို့၏ သားသမီးများအား ကျောင်းအပ်နှံကြတော့မည် ဖြစ်သည်။

လွန်ခဲ့သော စာသင်နှစ်ကာလများက ကျောင်းအပ်နှံရေး အခြေအနေမှာ ဤသို့မဟုတ်ချေ။ အခြေခံလူတန်းစား ပြည်သူအများစုအနေဖြင့် မိမိတို့၏ရင်သွေး သားသမီးများ ကျောင်းအပ်နှံရေးနှင့် ပညာသင်ကြားရေးကိစ္စအဝဝအတွက် ကြံစည်တွေးတော ပူပန်စိတ်မောခဲ့ကြရသည်။ မိသားစုဘဝရပ်တည်ရှင်သန်ရေးအတွက် ရုန်းကန်နေရချိန်တွင် သားသမီးများပညာရေးအတွက် နှစ်စဉ်သောက ပိုခဲ့ရသည်။

မျက်မှောက်ကာလတွင် ဤသို့မဟုတ်ပြီ။ ကျောင်းနေအရွယ် ကလေးငယ်များအား ကျောင်းအပ်နှံရာတွင် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်းမပြုဘဲ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံ တစ်စုံ၊ ဗလာစာအုပ်ခြောက်အုပ်နှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံစီ၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံစီ ထောက်ပံ့ပေးမည်ဖြစ်ပြီး ထင်ရှားသောကျောင်းများတွင် ကျောင်းအပ်လက်ခံရေးကို ကျောင်း၏သဘောအတိုင်း မဆောင်ရွက်စေဘဲ ကျောင်းကော်မတီဖွဲ့ကာ သတ်မှတ်ချက်အတိုင်း ကျောင်းအပ်လက်ခံရမည်ဟု သတ်မှတ်ထားသည်။

ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ယခုပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်မှာ "ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ပေး" ဖြစ်သည်။ အဆိုပါ ဆောင်ပုဒ်နှင့်အညီ ပညာရေးဝန်ကြီးဌာနက ယခုပညာသင်နှစ်အတွက် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်ထုတ်ပြန်ကာ အသိပေးထားသည်။

တိုးတက်များပြားလာသော ကျောင်းသားများအား အဆင်ပြေစွာ လက်ခံနိုင်ရေးအတွက် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံရန်၊ ငွေကြေးနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း မပြုရန်၊ အသက် ငါးနှစ်ပြည့်သူ ကလေးငယ်အားလုံး သူငယ်တန်း KG တွင် အပ်နှံရန်၊ ခြောက်နှစ်အရွယ် ကလေးငယ်များအားလုံး ပထမတန်း Grade 1 တွင် အပ်နှံရန်၊ မိဘများအနေဖြင့် မိမိတို့သားသမီးများ အနာဂတ်အတွက် ကျောင်းမှန်မှန်တက်ရေး၊ အိမ်စာမှန်မှန်ပြုလုပ်ရေး၊ သင်ယူတတ်မြောက်မှု ကောင်းမွန်ရေးတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန် မေတ္တာရပ်ခံထားသည်။

ထို့အပြင် မိဘအုပ်ထိန်းသူပြည်သူများအနေဖြင့် မိမိတို့ သားသမီးများအနေဖြင့် ကျောင်းသန့်ရှင်းရေး၊ ကျောင်းဖွံ့ဖြိုးရေး၊ မူလတန်းမှ အလယ်တန်း၊ အထက်တန်းအထိ အဆင့်ဆင့် ဆက်လက်ပညာသင်ကြားရေး၊ ကျောင်းထွက်သူ မရှိစေရေး၊ တီထွင်ကြံဆမှုနှင့် ကြိုးစားအားထုတ်မှုရှိစေရေးတို့ကို တွန်းအားပေးစေရေးသာမက မိဘပြည်သူများကိုယ်တိုင် လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။ ဆရာ ဆရာမများအားလည်း အလားတူ ဆောင်ရွက်ကြရန် အသိပေးထားသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ် မူလတန်းအဆင့် ကလေးငယ်များအား ဦးစားပေးဆောင်ရွက်ပေးနေသလို ယမန်နှစ် ကျောင်းဖွင့်ရာသီမှစ၍ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို အလေးထားဆောင်ရွက်ခဲ့သဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အထက်တန်းအဆင့် (Grade-10, Grade-11)ဖွင့်လှစ်ခဲ့ပြီး ယခုအခါ အခြေခံပညာသင်ယူသူ တစ်သန်းကျော်လာပြီ ဖြစ်သည်။

သို့ဖြစ်ရာ မိဘပြည်သူများအနေဖြင့် သားသမီးများပညာသင်ကြားရေးတွင် စိတ်အေးစွာဖြင့် လက်တွဲပါဝင်ဆောင်ရွက်ကြရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။ ။

# သစ်တောမြေနှင့် အရင်းအမြစ်ဆိုင်ရာ လုပ်ပိုင်ခွင့်များ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် မေ ၂၃**

သစ်တောမြေနှင့် အရင်းအမြစ်ဆိုင်ရာ လုပ်ပိုင်ခွင့်များ မြှင့်တင်ရေး ဒုတိယအကြိမ် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ Hotel Max ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက နိုင်ငံတော်၏ သယံဇာတ အရင်းအမြစ်များကို အကျိုးရှိဆုံးဖြစ်အောင် စနစ်တကျ အသုံးချနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ မြေသယံဇာတများ စီမံခန့်ခွဲရာတွင် စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လူမှုရေးဆိုင်ရာရှုထောင့်မျိုးစုံမှ သုံးသပ်ပြီး မှန်ကန်ပြည့်စုံသော မူဝါဒ၊ ခိုင်မာသော ဥပဒေမူဘောင်နှင့် စွမ်းရည်ရှိသော မြေစီမံအုပ်ချုပ်ရေးစနစ်များကို ချမှတ်ကျင့်သုံး အကောင်အထည်ဖော်ရန်ကိစ္စသည် လွန်စွာအရေးကြီးပါကြောင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒ၏ ရည်ရွယ်ချက်များမှာ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်း၊ မြေယာလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများကို အသိအမှတ်ပြု ကာကွယ်ပေးရန် အတိအလင်းဖော်ပြထားပြီး တိုင်းရင်းသားများ၏ မြေအသုံးချမှု အခွင့်အရေးများနှင့် ဆက်စပ်ပြီး အမျိုးသားမြေအသုံးချမှု မူဝါဒမှာ အပိုင်းတစ်ခုအနေဖြင့် ထည့်သွင်း ပြဋ္ဌာန်းထားကြောင်း ပြောကြားသည်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၏ ဆွေးနွေးပွဲမှ သစ်တောမြေအတွင်း မှီခိုနေထိုင်ကြသော ဒေသခံပြည်သူများ၏ မြေယာနှင့် အရင်းအမြစ်ဆိုင်ရာ လုပ်ပိုင်ခွင့်များ တိုးတက်လာစေရန် မူဝါဒနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ထည့်သွင်းအသုံးပြုနိုင်မည့် နည်းလမ်းများနှင့် ဦးစားပေး လုပ်ငန်းစဉ်များကို အတူတကွ ဖော်ထုတ်နိုင်စေရန် အကြံဉာဏ်များ၊ ရလဒ်ကောင်းများ ထွက်လာမည်ဟု ယုံကြည်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

သစ်တောဦးစီးဌာန အနေဖြင့် သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရန်နှင့် ဂေဟစနစ်များ ပိုမိုအားကောင်းလာစေရန် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများအပြင် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၁၀ နှစ် စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အမျိုးသားမြေအသုံးချမှု မူဝါဒ၏ လမ်းညွှန်ချက်များကို အသုံးပြုပြီး သစ်တောမူဝါဒ၊ သစ်တောဥပဒေများကို ပြန်လည်သုံးသပ်ရန် သစ်တောဦးစီးဌာန အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် သစ်တောများ ပြုစုထိန်းသိမ်းရာတွင် လည်းကောင်း၊ စီမံအုပ်ချုပ်ရာတွင် လည်းကောင်း၊ ပြည်သူများ ထိရောက်စွာပါဝင်နိုင်ရန် မူဝါဒနှင့် ဥပဒေများကို လက်ရှိအနေအထားထက် ပိုမိုအားကောင်းစွာ ပြင်ဆင်ရေးသားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၃**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၂၉၀၀၀ | - | ၉၂၉၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၂၉၀၀၀ | - | ၉၂၉၀၀၀ |

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၀၅ ကျပ်၊ | ၉၄၅/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၉၅/၉၂၀ ကျပ်၊ | ၉၉၀/၁၀၁၀ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၈၅/၈၇၀ ကျပ်၊ | ၉၄၀/၉၅၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၅/၉၂၀ ကျပ်၊ | ၉၅၅/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၅/၉၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၃. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၄. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၂. ၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၃၀၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁. ၀၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၉၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၉. ၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၈၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၇. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၁. ၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm



မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်ချိန်နည်းပါးပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိစေရေးအတွက် ၈၄ လမ်း၊ ၁၀ × ၁၂ လမ်းကြား လမ်းတိုးချဲ့ခြင်းတွင် မလွတ်ကင်းသော ၃၃ ကေဗွီ အီတိုဓာတ်အားလိုင်း ပြောင်းရွှေ့ခြင်းကို မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးစီး၍ လျှပ်စစ်ဝန်ထမ်းများ မေ ၁၉ ရက်က ယာဉ်ယန္တရားများဖြင့် အမြန်ပြီးစီးအောင် ဆောင်ရွက်စဉ်။ မန်း(ကိုယ်ပွား)

## ပညာရေးဝန်ကြီးဌာန
## "၂၀၁၈-၂၀၁၉ ပညာသင်နှစ်"
## အသိပေးကြေညာချက်

- **၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။**
- **၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။**

ပညာရေးဝန်ကြီးဌာန

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန်ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူဖြေရှင်းနိုင်မှာမဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနားၼ္ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

ကျွန်မတို့ အစိုးရရဲ့ နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များအားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄ -၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၈) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ လွှတ်တော်နှင့် ဝန်ကြီးဌာနများမှ ပေးပို့လာသည့်ဥပဒေမူကြမ်းများအား ဘာသာရပ်အလိုက်ခွဲဝေပြီး သက်ဆိုင်ရာကော်မတီများအလိုက် ဥပဒေကြမ်းများကိုစိစစ်ကြရန် လိုအပ်ပါကြောင်း၊ ကော်မတီများ၏ စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေများအဖြစ် ပြဋ္ဌာန်းနိုင်ရန် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းများကို စိစစ်သည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် အခြားသောပညာရှင်များဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လွှတ်တော်၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးအခန်းကဏ္ဍ ပိုမိုမြှင့်တင်ရန် အရေးကြီးပါကြောင်း၊ လွှတ်တော်ကပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများအတွက် ထိရောက်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေသည့် ဥပဒေကောင်းများ ပေါ်ပေါက်လာရန် အရေးကြီးပါကြောင်း၊ အလားတူပြဋ္ဌာန်းသည့် ဥပဒေများနှင့်စပ်လျဉ်းပြီး ထိရောက်မှု ရှိ မရှိနှင့် စီမံခန့်ခွဲရသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့်လည်း လိုက်နာမှုရှိ၊ မရှိ စိစစ်ရန်လိုအပ်ပါကြောင်း၊ လွှတ်တော်ကော်မတီများ အင်အားခိုင်မာတောင့်တင်းမှသာလျှင် လွှတ်တော်လည်း ပိုမိုအားကောင်းလာမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဒီမိုကရေစီပြုပြင်ရေးလမ်းကြောင်းပေါ် မြန်ဆန်မှန်ကန်စွာ ရောက်ရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကော်မတီများအနေဖြင့် လွှတ်တော်ကော်မတီများအချင်းချင်း မကြာခဏ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ယခုအစည်းအဝေးတွင်လည်း တက်ရောက်လာသူများအားလုံးအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိသည့် ဥပဒေကြမ်းများ၊ တိုင်ကြားစာများ၊ တွေ့ရှိချက်အစီရင်ခံစာများနှင့် သုံးသပ်အကြံပြုဆွေးနွေးချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က သက်ဆိုင်ရာကော်မတီများအနေဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်သွားရမည့်ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များနှင့် ပြင်ဆင်ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury အား ခေါ်ယူတွေ့ဆုံစဉ်။** *(သတင်း - ရွှေဖုံး)*

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ပျော်ဘွယ်၌ ကျင်းပ

**ပျော်ဘွယ် မေ ၂၃**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပျော်ဘွယ်မြို့နယ် တွင်းရွာအုပ်စု အရှေ့လျှော်ဖြူကုန်းကျေးရွာ မြို့ဦးဇေတဝန်ကျောင်း ဓမ္မာရုံ၌ မေ ၂၀ ရက် နံနက် ၉ နာရီက **ကျေးလက်ဒေသဖွံ့ဖြိုးရေး** ခေါင်းစဉ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်စုံဝင်းက အမှာစကား ပြောကြားပြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်မျိုးက ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းညွှန့်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်လွင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မာလာ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနဦးစီးမှူး ဦးအောင်ထက်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်သီတာဝင်းစံနှင့် ကျေးရွာတောင်သူလယ်သမား ကိုယ်စားလှယ် ဦးဝင်းနိုင်တို့ ပါဝင်ဆွေးနွေးကြပြီး ကျေးရွာပြည်သူများကိုယ်စား ရုံကုံးကျေးရွာမှ ဦးသောင်းရွှေ၊ တွင်းရွာကျေးရွာမှ ဦးသာဌေး၊ တောင်ဂွကျေးရွာမှ ဦးသိန်းအေး၊ နေပူကုန်းကျေးရွာမှ ဦးဆန်းညွန့်နှင့် အရှေ့လျှော်ဖြူကုန်းကျေးရွာမှ ဦးဇော်မင်းတို့က ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ တွင်းရွာစည်ပင်သာယာဈေး စနစ်တကျဖြစ်ရေးနှင့် စိုက်ပျိုးရေအသုံးပြုနိုင်ရန် ဆည်၊ ကန်တို့ကို ပြန်လည်တူးဖော်ဆောင်ရွက်ပေးနိုင်ရေးနှင့် ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစားပေးဆောင်ရွက်နေမှုများနှင့် ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ပြန်/ဆက်)**

# အမေရိကန်နှင့်ဆွေးနွေးရန် မသေချာသော်လည်း အဏုမြူစမ်းသပ်စခန်းဖြိုဖျက်ရန် မြောက်ကိုရီးယားပြင်ဆင်



**ပြုံယမ်း မေ ၂၃**
မြောက်ကိုရီးယားနိုင်ငံက ယင်း၏အဏုမြူလက်နက်စမ်းသပ်ရေးစခန်းအား ဖြိုဖျက်မှုကို လေ့လာစောင့်ကြည့်နိုင်ရန် ဖိတ်ကြားခြင်းခံရသည့် နိုင်ငံခြားသတင်းသမားများသည် မေ ၂၃ ရက်တွင် နိုင်ငံအရှေ့ပိုင်းပင်လယ်ကမ်းရိုးတန်းဒေသသို့ စတင်သွားရောက်ကြပြီဖြစ်ကြောင်း၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏ ထိပ်သီးဆွေးနွေးပွဲပျက်ပြားဖွယ်ရာရှိသည်ဆိုသော ပြောဆိုမှုများ ပေါ်ထွက်နေချိန်အတွင်း ယင်းစခန်းကိုဖျက်သိမ်းနိုင်ရန် မြောက်ကိုရီးယားက ပြင်ဆင်နေကြောင်း အေအက်ဖ်ပီ သတင်းဌာနက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံအရှေ့မြောက်ပိုင်းရှိ ပန်ဂေးရီအဏုမြူလက်နက်စမ်းသပ်ရေးစခန်းကို အပြည့်အဝဖျက်သိမ်းမည်ဟု ယခုလအစောပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံက ရုတ်ခြည်းကြေညာခဲ့ရာ ယင်းကြေညာချက်ကို အမေရိကန်နှင့် တောင်ကိုရီးယားအစိုးရများက ကြိုဆိုခဲ့ကြသည်။

ပန်ဂေးရီအဏုမြူလက်နက်စမ်းသပ်ရေးစခန်းသည် မြောက်ကိုရီးယား၏ မြေအောက်အဏုမြူစမ်းသပ်ဖောက်ခွဲမှု ခြောက်ကြိမ်စလုံးကို ပြုလုပ်ခဲ့သည့်နေရာဖြစ်ပြီး လွန်ခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက ပြုလုပ်ခဲ့သည့် စမ်းသပ်ဖောက်ခွဲမှုသည် အင်အားအပြင်းထန်ဆုံးဖြစ်ကြောင်း၊ ယင်းစမ်းသပ်မှုမှာ ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်ဖောက်ခွဲမှုဖြစ်ကြောင်း မြောက်ကိုရီးယားက ပြောကြားသည်။

ပန်ဂေးရီအဏုမြူလက်နက်စမ်းသပ်ရေးစခန်းဖြိုဖျက်မှုကို ရာသီဥတုကောင်းမွန်ပါက မေ ၂၄ ရက်နှင့် ၂၅ ရက်ကြားတွင် ပြုလုပ်မည်ဖြစ်သည်။

မြောက်ကိုရီးယားက ၎င်း၏အဏုမြူလက်နက်စခန်းဖြိုဖျက်မှုကို ကောင်းစွာဖော်ဆောင်နိုင်ခြင်းသည် ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံတွင် ကျင်းပရန် စီစဉ်ထားသည့်အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့၏ ထိပ်သီးဆွေးနွေးပွဲအတွက် စိတ်စေတနာကောင်းထားသည့် အပြုအမူ ဖြစ်သည်ဟု ချီးကျူးပြောဆိုမှု ပေါ်ထွက်ခဲ့သည်။ **အေအက်ဖ်ပီ**



# ဟာဝိုင်ယီရှိ ဓာတ်အားပေးစက်ရုံအနီးသို့ မီးတောင်ချော်ရည်စီးကြောင်း ရောက်ရှိလာ

**လော့စ်အိန်ဂျလိစ် မေ ၂၃**
အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ်၌ ပေါက်ကွဲလျက်ရှိသော ကီလော်ရာ မီးတောင်မှ စီးကျလာသော ချော်ရည်စီးကြောင်းတစ်ခုသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံအနီးသို့ ရောက်ရှိလာကြောင်း၊ သဘာဝဘေးအန္တရာယ် အခြေအနေနှင့် ပတ်သက်၍ အာဏာပိုင်များက သတိဝီရိယဖြင့် လေ့လာစောင့်ကြည့်နေကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ပူးနားဘူမိ အပူစွမ်းအင်ထုတ်လုပ်ရေးကုမ္ပဏီ၏ ၃၈ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သော ဓာတ်အားပေးစက်ရုံအနီးသို့တိုင် ချော်ရည်များ စီးမျောရောက်ရှိလာသဖြင့် ယင်းစက်ရုံကို ရုတ်တရက် ပိတ်သိမ်းထားရသည်။

ဘေးဥပဒ်ဖြစ်စေနိုင်သော ဓာတ်ငွေ့များ ထွက်ပေါ်လာနိုင်သည့်အရေးအတွက် စိုးရိမ်ပူပန်ရသဖြင့် ဓာတ်အားပေးစက်ရုံရှိ မီးလောင်လွယ်သော အရာဝတ္ထုများကို ဖယ်ရှားနိုင်ရန် အလုပ်သမားများက ဆောင်ရွက်ခဲ့ကြပြီး ယင်းစက်ရုံ၏ မြေအောက်တွင်းများ၌ ရေအေးများကို သိုလှောင်ပေးခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# မလေးရှား ပျောက်ဆုံးလေယာဉ် MH 370 ရှာဖွေမှုများ မကြာမီ ရပ်တန့်မည်

**ကွာလာလမ်ပူ မေ ၂၃**
လွန်ခဲ့သော လေးနှစ်ကျော်က ပျောက်ဆုံးသွားသည့် MH 370 လေယာဉ်ရှာဖွေမှု လုပ်ငန်းစဉ်များကို မကြာမီ ရပ်တန့်ပစ်မည်ဖြစ်ကြောင်း မလေးရှား ပို့ဆောင်ရေးဝန်ကြီးက ယနေ့ ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် မတ်လတွင် ခရီးသည် ၂၃၉ ဦး လိုက်ပါစီးနင်းခဲ့ပြီး ကွာလာလမ်ပူမြို့မှ ပေကျင်းသို့ ဦးတည်မောင်းနှင်ခဲ့စဉ် အဆိုပါလေယာဉ်သည် လမ်းခုလတ်တစ်နေရာ၌ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ အဆိုပါလေယာဉ်ပျောက်ဆုံးမှုသည် ကမ္ဘာ့အံ့ဖွယ်များအနက် တစ်ခုဖြစ်ခဲ့သည်။

လေယာဉ်ပျောက်ဆုံးပြီးနောက် ပင်လယ်အတွင်း စတုရန်းကီလိုမီတာ ၁၂၀၀၀၀ ခန့်ကို ပိုက်စိပ်တိုက် ရှာဖွေမှုများ ပြုလုပ်ခဲ့သော်လည်း လေယာဉ်ပျံအပျက်အစီး မည်သည့်အပိုင်းအစမျှ တွေ့ရှိခဲ့ခြင်းမရှိခဲ့ပေ။ လေကြောင်းလိုင်းဆိုင်ရာ အကြီးဆုံးသော ရှာဖွေရေး အေဂျင်စီတစ်ခုဖြစ်သည့် ဩစတြေးလျရှာဖွေရေး ကုမ္ပဏီတစ်ခုကို လွန်ခဲ့သောနှစ် ဇန်နဝါရီက ဆိုင်းငံ့ခဲ့သည်။

သို့သော် လေယာဉ်ပေါ်လိုက်ပါစီးနင်းသူ ခရီးသည်များ၏ မိသားစုဆွေမျိုးများ၏ တောင်းဆိုချက်အရ ပင်လယ်ရေကြောင်းဆိုင်ရာ ရှာဖွေရေး အမေရိကန်အေဂျင်စီတစ်ခုနှင့် ယခင် မလေးရှားအစိုးရအဖွဲ့က ပျောက်ဆုံးလေယာဉ်၏ ပျံသန်းမှုအခြင်းအရာများကို အသေးစိတ်မှတ်တမ်းတင်ထားသည့် စက်ကိရိယာကို တွေ့ရှိပါက ရှာဖွေရေးကုန်ကျစရိတ်များပေးမည်ဟု စာချုပ်ချုပ်ဆိုကာ ဇန်နဝါရီလတွင် ရှာဖွေရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့သည်။

ယင်းအေဂျင်စီအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၇၀ ခန့် ကုန်ကျခံကာ ခေတ်မီရှာဖွေရေးစက်ကိရိယာများ အသုံးပြုပြီး ရှာဖွေခဲ့သော်လည်း လေယာဉ်၏ မည်သည့်အစိတ်အပိုင်းမျှ တွေ့ရှိခဲ့ခြင်းမရှိပေ။

လေယာဉ်ရှာဖွေရေးလုပ်ငန်းစဉ်များကို ယခုနှစ်ဧပြီလတွင် တရားဝင်အဆုံးသတ်ခဲ့သော်လည်း ရပ်ဆိုင်းခဲ့ခြင်းမရှိဘဲ ဆက်လက်ရှာဖွေမှုများပြုလုပ်ခဲ့သည်။ သို့သော် မေ ၂၉ ရက်နောက်ဆုံးထားပြီး ရှာဖွေမှုများကို ရပ်တန့်ပစ်တော့မည်ဖြစ်ကြောင်း မလေးရှား ပို့ဆောင်ရေးဝန်ကြီး အန်တိုနီလိုခီက မီဒီယာသို့ ပြောကြားခဲ့သည်။

မလေးရှားဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်က ပြည်သူ့ဘဏ္ဍာငွေများကို အလဟဿမဖြစ်စေရန် လေယာဉ်ရှာဖွေရေးကုန်ကျစရိတ်များကို လျှော့ချပစ်ရန်ရည်ရွယ်ပြီး လေယာဉ်ရှာဖွေရေးသဘောတူညီမှုစာချုပ်ကို ပြန်လည်သုံးသပ်လျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**






# စစ်မက်ဖြစ်ပွားခဲ့သော ဗြိတိန်နှင့် အာဂျင်တီးနား နှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်တည်ဆောက်မည်ဟုဆို

**ဗျူနိုအေးရိစ် မေ ၂၃**
ဗြိတိန်နှင့် အာဂျင်တီးနား နိုင်ငံတို့သည် ကုန်သွယ်ရေးဆက်ဆံမှု မြှင့်တင်ခြင်းမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တည်ဆောက်ကြရန် သဘောတူညီလိုက်ကြကြောင်း၊ ဖောက်ကလန်ကျွန်း ပိုင်ဆိုင်မှုကို အကြောင်းပြု၍ ၁၉၈၂ ခုနှစ်တွင် နှစ်လကျော်မျှ စစ်ခင်းကြဖူးသော ယင်းနှစ်နိုင်ငံသည် ဆက်ဆံရေး ပြန်လည်နွေးထွေးလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံခြားရေး ဝန်ကြီး ဘောရစ်ဂျွန်ဆင်သည် အာဂျင်တီးနားနိုင်ငံသို့ သုံးရက်ကြာသွားရောက်သည့် ခရီးစဉ်မှာ မေ ၂၂ ရက်တွင် ပြီးဆုံးခဲ့သည်။ ဝန်ကြီး ဂျွန်ဆင်သည် ၎င်း၏ ခရီးစဉ်အတွင်း အာဂျင်တီးနားသမ္မတ မော်ရီစီယို မာကရီနှင့် နိုင်ငံခြားရေးဝန်ကြီး ဂျော့ဖော်ရီတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မိမိတို့ နှစ်နိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်နိုင်မည့် သဘောတူညီချက် တစ်ရပ်ကို ရရှိခဲ့ကြကြောင်း၊ နှစ်နိုင်ငံအကြား လုံခြုံရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေးနှင့် နည်းပညာကဏ္ဍတို့တွင် နှစ်နိုင်ငံ မိတ်ဖက်ပြု ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးများ၏ ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီး ဂျွန်ဆင်က ပြောကြားသည်။

ဖောက်ကလန်စစ်ပွဲသည် အခြေခံအားဖြင့် မိမိတို့ နှစ်နိုင်ငံနှင့်သာ သက်ဆိုင်နေသော ပြဿနာတစ်ရပ်ဖြစ်ပြီး ပြည်သူတို့မှာ စစ်မက်ဖြစ်ပွားလိုခြင်း မရှိကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ယုံကြည်မှု ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကို သတ်မှတ်နိုင်ခဲ့ကြပြီဖြစ်ကြောင်း ဝန်ကြီးဖော်ရီက ပြောကြားသည်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်မြှင့်တင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ အန္တာတိကတိုက် သုတေသန လုပ်ငန်းတွင် ပူးပေါင်း ဆောင်ရွက်ရေး၊ ပညာရေး၊ လူ့အခွင့်အရေးနှင့် ကျား၊ မ တန်းတူညီမျှမှုရှိရေးတို့နှင့် သက်ဆိုင်နေသော စီမံကိန်းမှာ ပူးတွဲ အကောင်အထည်ဖော်ရေးတို့နှင့် ပတ်သက်၍ သဘောတူညီမှု ရရှိခဲ့ကြသည်ဆို၏။

**အေအက်ဖ်ပီ**

# နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးနည်းပညာသင်တန်းများ၊ နီးနှောဖလှယ်ပွဲများ ကျင်းပပေးရန် အဆိုတင်သွင်း

**နေပြည်တော် မေ ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက **တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဘဝ မြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေး နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတစ်ဝန်း စိုက်ပျိုးရေး နည်းပညာသင်တန်းများ၊ နီးနှောဖလှယ်ပွဲများ ကျင်းပပေးပါရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူအတည်ပြု ခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့ လွှတ်တော် ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်း ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလှကျော် က ရှင်းလင်းဖြေကြားခြင်းနှင့် အစီရင်ခံစာ တစ်ခု ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

### အစားထိုးလဲလှယ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် ကော်မတီ များတွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းရာတွင် ပြည်သူ့ ငွေစာရင်းကော်မတီတွင် ဗိုလ်မှူးချုပ်ရဲနိုင်မျိုးအားလည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ဗိုလ်မှူးချုပ် ကျော်စန်းလင်းအားလည်းကောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီတွင် ဗိုလ်မှူးချုပ်နေဝင်းအားလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီတွင် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေအားလည်းကောင်း၊ ဘဏ် များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဗိုလ်မှူးချုပ်နိုင်ဝင်း အားလည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဗိုလ်မှူးကြီးခင်မောင်ထွန်းတို့အားလည်းကောင်း အစားထိုး လဲလှယ်ဖွဲ့စည်းခြင်း နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၏ **လယ်ဝေးမြို့နယ်အတွင်းရှိ ဆင်အုံ ရေလှောင်ကန်ကြီးကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာအနီးရှိ ဆင်အုံကန်ကို ၁၉၅၈ ခုနှစ်ခန့်က တည်ဆောက်ခဲ့ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားကာ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ သဲနုန်းပို့ချပြီး ရေသို လှောင်မှု လျော့ကျလျက်ရှိပါကြောင်း၊ အဆိုပါ ဆင်အုံကန်သည် ချောင်းမငယ် ဆည်ရေသောက်စနစ်အတွင်း တည်ရှိပြီး ချောင်းမငယ်ရေလှောင်တမံမှ ရေသွင်း မြောင်းဖြင့် ဆင်အုံကန်အတွင်းသို့ ရေကူဖြည့်တင်းကာ မိုးစပါး ဧက ၄၅၆၀ ခန့် ကို အောင်ရေပေးဝေခြင်းနှင့် နွေစပါး ၂၀၇၄ ဧကခန့်အား စိုက်ပျိုးရေပေးဝေ ခြင်းဖြင့် အကျိုးပြုလျက်ရှိပါကြောင်း၊ မိုးစပါးနှင့် နွေစပါးအတွက် စိုက်ပျိုးရေကို ချောင်းမငယ်ရေလှောင်တမံမှ ၅ ရက်လျှင် တစ်ကြိမ် ဆင်အုံကန်ထဲသို့ လိုအပ် သလို ချိန်ညှိဖြည့်တင်းပေးလျက်ရှိသောကြောင့် စိုက်ပျိုးရေအတွက် အခက်အခဲ မရှိ ပေးဝေလျက်ရှိပါကြောင်း။

### စူးစမ်းလေ့လာ

လက်ရှိအခြေအနေအရ ဆင်အုံကန်တွင် သဲနုန်းပို့ချမှု အတော်အသင့်ရှိ သော်လည်း မိုးစပါး၊ နွေစပါး စိုက်ပျိုးရေးကို ချောင်းမငယ်ရေလှောင်တမံမှ လိုအပ်သည့်အချိန်တွင် လိုအပ်သည့်ပမာဏအတိုင်း ရေဖြည့်သွင်းပေးနိုင်ပါ ကြောင်း၊ ဌာနအနေဖြင့် အခြား မဖြစ်မနေဆောင်ရွက်ရန် လိုအပ်နေသည့် လုပ်ငန်းများစွာကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆင်အုံကန်သဲနုန်း တူးဖော်ခြင်း လုပ်ငန်းအား လတ်တလောအနေဖြင့် ဆောင်ရွက်ရန် လိုအပ်မှုမရှိ သေးပါကြောင်း၊ ဆင်အုံကန် နောင်ရေရှည်တည်တံ့ရေးအတွက် သဲနုန်းပို့ချ မှုအား သိရှိနိုင်ရန် လိုအပ်သည့် စူးစမ်းလေ့လာ တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိပါကြောင်း၊ ရရှိလာသည့် အချက်အလက်များ အပေါ် မူတည်၍ သုံးသပ်စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားသည်။

ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **လယ်ယာမြေ၊ မိမိလက်ရှိ ပိုင်ဆိုင် မြေတွင် မွေးမြူရေးလုပ်ငန်း၊ အုတ်လုပ်ငန်းများကို တရားမဝင် လုပ်ကိုင်နေရ မှုများအား တရားဝင်လုပ်ကိုင်နိုင်ရန်အတွက် လယ်ယာမြေအခြားနည်းသုံးစွဲခွင့် များကို သတ်မှတ်ကာလအတွင်း ထုတ်ပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လယ်ယာမြေပေါ်တွင် တရားမဝင်



ဒုတိယဝန်ကြီး ဦးလှကျော်



ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း

လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများအနေဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ နှင့်အညီ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်လျှောက်ထားသွားရန် လိုအပ်ပါ ကြောင်းနှင့် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာမှုများကို လည်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ စိစစ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေ ဖြင့်လည်း လစဉ်အစည်းအဝေးများခေါ်ယူပြီး ဥပဒေနှင့်အညီ ဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

### မြို့ရေပေးရေးလုပ်ငန်း ၁၀ ခု

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၏ **ကျိုင်းတုံမြို့ ရေပေးဝေရေးလုပ်ငန်း အသစ်တစ်ခု ထပ်မံဆောင်ရွက်နေမှုတွင် လိုအပ်လျက်ရှိသော ရန်ပုံငွေကို ပြည်ထောင်စုရန်ပုံငွေမှ ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း ၍ ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ဖြေကြားမည်ဖြစ် ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မူလလျာထားသည့် ငွေကျပ် သိန်း ၁၀၆၇၀ ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၅၃၉၅ ဒသမ ၉ သိန်းဖြင့် ကတ္တရာလမ်းခင်းခြင်း တစ်လမ်း ခန့်မှန်းကုန်ကျငွေကျပ် သိန်း ၂၂၀၊ ကျောက်ချော လမ်းခင်းခြင်း လေးလမ်း ခန့်မှန်းကုန်ကျငွေကျပ် ၄၂၆ ဒသမ ၅ သိန်း၊ ကွန်ကရစ် လမ်းခင်းခြင်း နှစ်လမ်း ခန့်မှန်းကုန်ကျငွေကျပ် ၂၂၇ သိန်း၊ မြေသားလမ်းခင်းခြင်း နှစ်လမ်း ခန့်မှန်းကုန်ကျငွေကျပ် ၅၀၈ သိန်း၊ Box Culvert ၁၇ စင်း တည်ဆောက်ခြင်း ခန့်မှန်းကုန်ကျငွေကျပ် ၁၅၅၉ သိန်း၊ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ခြင်း ၂၁၄ ဒသမ ၉ သိန်း၊ မြို့တွင်းလမ်းပေါက်ဖာခြင်း ခန့်မှန်းကုန်ကျငွေကျပ် ၁၁၁ သိန်း၊ မြို့ရေပေးရေးလုပ်ငန်း ၁၀ ခု ခန့်မှန်း ကုန်ကျငွေကျပ် ၂၈၇ ဒသမ ၅ သိန်း၊ ရေမြောင်းပြုလုပ်ခြင်း ခန့်မှန်းကုန်ကျငွေ ကျပ် ၁၆၁၂ သိန်း၊ အင်ဂျင်နီယာလုပ်ငန်းသုံး ယာဉ်ဝယ်ယူခြင်း ခန့်မှန်း ကုန်ကျငွေကျပ် သိန်း ၂၃၀ ဖြင့် ဆောင်ရွက်ရန် ထည့်သွင်းလျာထားရေးဆွဲပြီး ဖြစ်ပါကြောင်း။

ကျိုင်းတုံမြို့ ရေပေးဝေရေးလုပ်ငန်းအသစ်တစ်ခုဖြစ်သော Intake Tank တည်ဆောက်ခြင်း ခန့်မှန်းကုန်ကျငွေကျပ် ၉၇ ဒသမ ၁ သိန်း၊ ကွီနမ့်ကိုင် ချောင်းရေထွက်မှ ၈ မိုင် ရေလှောင်ကန်သို့ 8"GI ပိုက်လိုင်းသွယ်တန်းခြင်း ပေ ၁၆၀၀၀၀ အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၅၃၉၁ သိန်း ကုန်ကျမည်ဖြစ်ပါ ကြောင်း၊ ယင်းလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၅၀၀ ထောက်ပံ့ခွင့်ပြုခဲ့ပြီး 8"GI ပိုက်များ ဝယ်ယူစုဆောင်းသွားမည်ဖြစ်ပြီး ကျန်ရှိလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် ၄၉၈၈ သိန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရ သဘာဝဘေး ကြိုတင်ကာကွယ်ရေးရန်ပုံငွေမှ ယခုနှစ်တွင် ငွေကျပ် သိန်း ၂၀၀၀ ထပ်မံခွဲဝေ ပေးထားပြီးဖြစ်ပါကြောင်း၊ ထပ်မံလိုအပ်ငွေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ၊ သံဖြူဇရပ် မဲဆန္ဒ နယ်မှ ဦးညဏ်ဟိန်းနှင့် ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက **တိုင်းပြည်စီးပွားဖွံ့ဖြိုး တိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဘဝ မြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတစ်ဝန်းစိုက်ပျိုး ရေးနည်းပညာသင်တန်းများ၊ နီးနှောဖလှယ်ပွဲများ ကျင်းပပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ ကမ္ဘာ့ လူသားအားလုံး၏ အခြေခံအကျဆုံး မရှိမဖြစ်လိုအပ်ချက်သည် စားနပ်ရိက္ခာ ဖူလုံရေးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဆန်စပါးနှင့် ကောက်ပဲသီးနှံအမျိုးမျိုး အပါအဝင် သားငါးမျိုးစုံပိုလျှံသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါကြောင်း၊ စိုက်ပျိုး ရေးနှင့် မွေးမြူရေးအတွက် လူ့စွမ်းအားအရင်းအမြစ်နှင့် ရေမြေသယံဇာတ ရာသီဉတု အခြေအနေကောင်းများကို ပိုင်ဆိုင်ထားပြီး ပိုမိုထုတ်လုပ်နိုင်စွမ်းလည်း ရှိပါကြောင်း၊ သဘာဝအရင်းအမြစ်များကို အကျိုးရှိရှိ ထိရောက်မှန်ကန်စွာ အသုံးချတတ်ရန် လိုအပ်ပါကြောင်း။

### တောင်သူကို ဗဟိုပြု

စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး အတွက် ပင်မထုတ်လုပ်သူများဖြစ်သည့် တောင်သူလယ်သမားများ၏ လိုအပ် ချက်များကို ဥပဒေနှင့်အညီ ဘက်စုံထောင့်စုံမှ ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက် ပေးကြရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသ တောင်သူလယ်သမားများကို ဗဟိုပြု၍ ငွေကြေးအရင်းအနှီး နည်းပညာရရှိရေး၊ မျိုးစေ့၊ မြေဩဇာ၊ စက် ကိရိယာမှအစ သွင်းအားစုများအပါအဝင် တောင်သူတွက်ခြေကိုက်သောဈေးနှုန်း နှင့် ရေရှည်တည်တံ့ခိုင်မာသည့် ဈေးကွက်ရရှိရေးအထိ စနစ်တကျဖြည့်ဆည်း ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ ကုန်ထုတ် စွမ်းအား ပိုမိုမြင့်မားလာသည်နှင့်အမျှ နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက် တောင်သူကိုဗဟိုပြု၍ ပြည်ထောင်စုအစိုးရမှ တာဝန်ရှိဌာန၊ အဖွဲ့အစည်း များအားလုံးတို့က ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရန် လိုအပ် ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံ ဆွေးနွေးပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် က ကြေညာသည်။

### အဆုံးအဖြတ်ရယူ

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသား လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်) ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ဥပဒေကြမ်းကော်မတီ ဝင် ဒေါ်မာမာခိုင်က ဥပဒေကြမ်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လက်ခံဆွေးနွေး ရန် အဆိုတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ လွှတ်တော်၏ အဆုံး အဖြတ်ရယူရာ ထောက်ခံမဲ ၃၈ မဲ၊ ကန့်ကွက်မဲ ၃၂၈ မဲ၊ ကြားနေမဲ ၅ မဲဖြင့် ကန့်ကွက်မဲများသဖြင့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန်မရှိကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တင်သွင်းသည့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုး စီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ် ခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံး ကို လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြု သဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို ပုံဖော်ကြည့်ခြင်း သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၃**

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန သည် တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းဖြစ်ပေါ် လာစေရန်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ပုံစံနှင့်စပ်လျဉ်း၍ ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်လာစေ ရန်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ထောင် ရာ တွင် အခြားဖက်ဒရယ်နိုင်ငံများ၏ အတွေ့အကြုံများ၊ သင်ခန်းစာများကိုရရှိစေရန်၊ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေး တို့ကို တိုးတက်ဖြစ်ထွန်းစေရန်၊ ပြည်သူတို့အား သမိုင်း အသိအမြင် ရရှိစေရန်နှင့် မြန်မာ့သမိုင်းကြောင်းတွင် ကွက်လပ်ဖြစ်နေသည်များကို ဖြည့်စွက်နိုင်ရန် **“ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို ပုံဖော်ကြည့်ခြင်း”** သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲကို (က) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုသမိုင်းကို အထောက်အကူပြု သော သမိုင်းစာပေထွက်ပေါ်လာစေရန်၊ (ခ) အယူအဆ သစ်များ၊ အတွေးအမြင်သစ်များ ပေါ်ထွက်လာရေးအတွက် အထောက်အကူဖြစ်စေရန်၊ (ဂ) အသိပညာရှင်၊ အတတ် ပညာရှင်များ၏ အတွေ့အကြုံ၊ အသိအမြင်၊ ဗဟုသုတများ ဖလှယ်ခြင်းအားဖြင့် ပိုမိုကျယ်ဝန်းသော ပညာရပ်နယ်ပယ် တစ်ခု ပေါ်ထွက်လာစေရန်၊ (ဃ) ဖတ်ကြားတင်သွင်းသော စာတမ်းများမှ အရည်အသွေးပြည့်မီသော စာတမ်းများအား ရွေးချယ်ပြီး ပုံနှိပ်ထုတ်ဝေခြင်းဖြင့် တိုင်းရင်းသားပြည်သူ အတွင်း ပျံ့နှံ့ရောက်ရှိစေကာ ဒီမိုကရေစီဖက်ဒရယ်သမိုင်း ကြောင်းကို ပိုမိုနားလည်လာစေပြီး နိုင်ငံတော်က ရှေ့ဆက် သွားမည့် လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုစေ ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီး ဌာန၊ အခြားဝန်ကြီးဌာနများနှင့် ပြင်ပစာတမ်းရှင်များမှ စာတမ်းများပေးပို့နိုင်ရေး ဖိတ်ခေါ်ထားကြောင်း သိရ သည်။

စာတမ်းဖတ်ကြားလိုသူ သုတေသီများအနေဖြင့် စာတမ်းအကျဉ်းများကို ဇွန် ၆ ရက် နောက်ဆုံးထား၍လည်း ကောင်း၊ စာတမ်းအပြည့်အစုံများကို Hard Copy/ Soft Copy ဖြင့် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ လည်း ကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်း သုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ရုံး အမှတ် (၃၅) နေပြည်တော် ဖုန်း ၀၆၇- ၃၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) အဆောင်(C) နေပြည်တော် ဖုန်း ၀၆၇-၃၄၁၈၄၂၃၊ မြန်မာသမိုင်းအဖွဲ့ သီရိမင်္ဂလာရိပ်သာလမ်းသွယ် ကမ္ဘာအေးစေတီလမ်း ရန်ကုန် ဖုန်း ၀၁-၆၅၈၁၅၂ တို့သို့ ပေးပို့ရမည်ဖြစ်သည်။ ပေးပို့လာသောစာတမ်းများကို စိစစ်ရွေးချယ်၍ **“ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို ပုံဖော် ကြည့်ခြင်း”**ခေါင်းစဉ်ဖြင့် စာတမ်းစောင်ရေ ၁၂ စောင် ကို တစ်ရက်လျှင် စာတမ်း ခြောက်စောင်နှုန်းဖြင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်း မင်းရာဇာခန်းမ၌ ဩဂုတ် ၂၇ ရက်မှ ၂၈ ရက်ထိ နှစ်ရက် ဖတ်ကြားသွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ ပါဝင် တက်ရောက်နိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ
မေ ၂၄၊ ၂၀၁၈

# ARSA ၏ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်ရပ်မှန်ကို ကမ္ဘာ့မီဒီယာများ ရေးသားဖော်ပြကြ

## ဖြစ်ရပ်မှန်များကို ကမ္ဘာ့မီဒီယာတို့ သိရှိလာကြပြီ

နေပြည်တော်　　မေ　၂၃

**ရခိုင်ပြည်နယ်တွင် ARSA အစွန်းရောက်အကြမ်းဖက်အုပ်စုက လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြောင်း အထောက်အထားအသစ်အရ သိရသည်ဟူသည့် ခေါင်းစဉ်ဖြင့် Amnesty International အဖွဲ့က မေ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည့် ဖြစ်ရပ်မှန်သတင်းအပေါ် နိုင်ငံတကာမီဒီယာများက ထပ်ဆင့်ထုတ်လွှင့်မှုများ ပြုလုပ်ခဲ့ကြသည်။**


































VOA သတင်းဌာနက မေ ၂၃ ရက် နံနက် ၆ နာရီ သတင်းအစီအစဉ်တွင် ရခိုင်ပြည်နယ်အတွင်းရှိ ဟိန္ဒူဘာသာဝင် အမြောက်အမြားအား ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က သတ်ဖြတ်ခဲ့သည်ဆိုသည့် အထောက်အထား တွေ့ရှိရကြောင်း Amnesty International အဖွဲ့ ပြောကြား ခေါင်းစဉ်ဖြင့် ARSA အဖွဲ့က ခမောင်းဆိပ်ကျေးရွာအနီးတွင် ဟိန္ဒူအမျိုးသမီး၊ အမျိုးသားနှင့် ကလေးငယ်စုစုပေါင်း ၉၉ ယောက်ခန့်အထိ သတ်ဖြတ်ခဲ့သလို ဖမ်းဆီးခေါ်ဆောင်မှုများလည်းလုပ်ခဲ့သည်ဟု ထုတ်လွှင့်ဖော်ပြခဲ့သည်။

အလားတူ ဘီဘီစီသတင်းဌာနကလည်း ရခိုင်တွေ့ရှိချက်သစ် လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ထုတ်ပြန် ခေါင်းစဉ်ဖြင့် Amnesty International အဖွဲ့၏ ယခုတစ်ခေါက် အစီရင်ခံစာထဲတွင် ရခိုင်ပြည်နယ်ရှိ ဟိန္ဒူအသိုင်းအဝိုင်းကို ပစ်မှတ်ထားပြီး အာဆာအဖွဲ့က ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့မှုများ အကြောင်း ဖော်ပြထားကြောင်း၊ ယခု အစီရင်ခံစာထုတ်ပြန်နိုင်ရန် ကိုယ်တိုင်ကွင်းဆင်းလေ့လာခဲ့သည့် မြန်မာ့အရေး အထူးပြုသုတေသနပြုလုပ်သူ Amnesty International အဖွဲ့မှ လော်ရာဟေ့ဂ်ဆိုသူ အမျိုးသမီးအား BBC က မေးမြန်းရာ ၎င်းက မောင်တောမြို့နယ် ခမောင်းဆိပ်ရွာတွင် ဟိန္ဒူ ၉၉ ယောက်အထိ အသတ်ခံခဲ့ရပြီး မောင်တောအပြင်ဘက် သီးခြားဖြစ်ရပ်တစ်ခုတွင်လည်း အသတ်ခံခဲ့ရသည့် ဟိန္ဒူ ၆ ယောက် ရှိသည်ဆိုသည့် အထောက်အထားသက်သေများကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ကျူးလွန်သူများသည် ARSA အစွန်းရောက်အကြမ်းဖက်သမားများဟု ကောက်ချက်ချနိုင်ကြောင်း ဖြေကြားခဲ့သည်ဟူသည့်သတင်းကို ထုတ်လွှင့်ခဲ့သည်။

ထို့ပြင် အဆိုပါ ဖြစ်ရပ်မှန်သတင်းနှင့်ပတ်သက်၍ Aljazeera, CNN, AFP, CNA, FOX News Channel, Sky News, The Straits Times, The Guardian, Daily Mail, The Daily Star, The Independent, The Wall Street Journal, The Washington Post, The Times of India , TIME, Bangkok Post စသည့် ကမ္ဘာ့သတင်းမီဒီယာများကလည်း ထုတ်လွှင့်ဖော်ပြထားကြသည်ကို တွေ့ရသည်။

ယင်းဖြစ်ရပ်သည် ၂၀၁၇ ခုနှစ် ဩဂုတ်လက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သတ်ဖြတ်ခံရသည့် ဟိန္ဒူဘာသာဝင်များ၏ အလောင်းများကို စက်တင်ဘာလအတွင်းက တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည့် ဟိန္ဒူဘာသာဝင် အမျိုးသမီးများ၏ ပြောကြားချက်များအရ ARSA အစွန်းရောက်အကြမ်းဖက်သမား ၃၀၀ ခန့်က ရဲဘော်ကျေးရွာမှ ဟိန္ဒူဘာသာဝင် အမျိုးသား၊ အမျိုးသမီး ၁၀၀ ခန့်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ရွာ၏အနောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာတွင် အမျိုးသား၊ အမျိုးသမီးများအား သတ်ဖြတ်ကာ ၎င်းတို့ ရှစ်ဦးအား အစ္စလာမ်ဘာသာသို့ ဝင်ခိုင်းခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ရဲဘော်ကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာ၌ တူးဖော်ရှာဖွေခဲ့ရာ စက်တင်ဘာ ၂၄ ရက်တွင် ရုပ်အလောင်း ၂၈ လောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ရုပ်အလောင်း ၁၇ လောင်း စုစုပေါင်း ၄၅ လောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ၄၈ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ထို့ပြင် မောင်တောမြို့နယ် အိုးထိန်းကျေးရွာမှ ဟိန္ဒူဘာသာဝင် ၁၄၄ ဦး ပျောက်ဆုံးနေကြောင်း သတင်းထုတ်ပြန်ရေးကော်မတီက ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး နိုင်ငံပိုင်သတင်းမီဒီယာများကလည်း ထုတ်လွှင့်ဖော်ပြခဲ့ပြီးဖြစ်သည်။

ယခုကဲ့သို့ ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသော ဟိန္ဒူဘာသာဝင် ရုပ်အလောင်းများ တွေ့ရှိရာနေရာသို့ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၇ ရက်က ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ သွားရောက်သတင်းယူခဲ့ရာတွင် TBS, Asahi Shun Bum, EPA, AFP, VOA, CNA, BBC, Xinhua, TV Asahi, Nippon, Frontier Myanmar, Reuter သတင်းဌာနတို့မှ သတင်းထောက်များ လိုက်ပါခဲ့ကြသည်။

ထိုအချိန်က ကမ္ဘာ့သတင်းမီဒီယာအများစုက ယင်းသတင်းဖြစ်ရပ်မှန်များကို ထုတ်လွှင့်ဖော်ပြရန် ပျက်ကွက်ခဲ့ကြသော်လည်း ယခုအခါ သတင်းဖြစ်ရပ်မှန်ကို အလေးအနက်ထားပြီး ပြန်လည်ထုတ်လွှင့်ဖော်ပြလာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြု

**နေပြည်တော် မေ ၂၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က သဘောတူ အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်း နှစ်ခုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးက ဖြေကြားခြင်း၊ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် သုံးဦးက ဆွေးနွေးခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးသန်းဌေးအစား ဗိုလ်မှူးကြီးစိုးမိုးအောင်အားအစားထိုးဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူသည်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း

**ကြိုးပမ်းစစ်ဆေး**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုး၏ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန သန်လျင်လူငယ်သင်တန်းကျောင်းတွင် ယာယီထိန်းသိမ်းထားသော ကလေးသူငယ်များ၏ အမှုအား လျင်မြန်စွာ စစ်ဆေးပြီး ကလေးသူငယ် အခွင့်အရေးများရရှိရန် သက်ဆိုင်ရာသို့ ပြန်လည်လွှဲအပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကလေးသူငယ်တရားရုံးနှင့် မြို့နယ်တရားရုံးများတွင် စစ်ဆေးဆဲ ကလေးသူငယ်မှုခင်းများမှ သန်လျင်လူငယ်သင်တန်းကျောင်းတွင် ယာယီထိန်းသိမ်းထားသော ကလေးသူငယ်အမှုများကို မှန်မှန်နှင့် မြန်မြန်ပြီးပြတ်စေရေးအတွက် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေပုဒ်မ ၄၁ (ဂ)အရ ကလေးသူငယ်နည်းဥပဒေ ၇၄ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်စပ်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စစ်ဆေးဆောင်ရွက်ကြရန် ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူးက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်စွဲပါ စာအမှတ်၊ ၃၈၇/တိုင်းဦးစီး/၂၀၁၈ ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ အမှုစစ် တရားသူကြီး အသီးသီးအနေဖြင့်လည်း အမှုတစ်ခုချင်းအလိုက် အမြန်ပြီးပြတ်စေရေးအတွက် ပြီးပြတ်မည့်နေ့ရက်ကို လျာထားသတ်မှတ်ထားရှိ၍ ကြိုးပမ်းစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦး၏ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လက်ခံကြားနာ စီရင်ဆုံးဖြတ်သည့် အမှုအခင်းများ၏ အပတ်စဉ် ကြိုတင်အမှုခေါ်စာရင်းများ၊ လက်ခံသည့် အမှုများ၊ အကျဉ်းနည်းဖြင့် ပယ်သည့်အမှုများ၊ အပြီးသတ် အမိန့်ချသည့် အမှုများကို နေ့စဉ်ထုတ် သတင်းစာတစ်ခုခုတွင် ပုံမှန် သို့မဟုတ် အချပ်ပိုစာမျက်နှာတစ်ခု၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စာမျက်နှာအဖြစ် ထည့်သွင်းကြော်ငြာ အသုံးပြုလျှင် ပြည်သူများအနေဖြင့် အခက်အခဲများ ပြေလျော့ပြီး ပိုမိုပွင့်လင်းမြင်သာမှု ရရှိနိုင်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးက ယနေ့ခေတ်တွင် ပြောင်းလဲတိုးတက်လာသော IT နည်းပညာနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website ဖြစ်သည့် www.unionsupremecourt.gov.mm နှင့် Facebook Account တွင် ကြိုတင်အမှုခေါ်စာရင်းနှင့် အမိန့်ချမှတ်မည့် အမှုများစာရင်းကို အပတ်စဉ် ဖော်ပြကြေညာပေးလျက်ရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လူကိုယ်တိုင်လာရောက်ကြည့်ရှုရန် မလိုအပ်တော့ဘဲ အလှမ်းဝေးသည့် နေရာဒေသများတွင် နေထိုင်လျက်ရှိသော အမှုသည်များ၊ ရှေ့နေများအနေဖြင့် မိမိတို့၏ အမှုကြားနာမည့်နေ့ရက်နှင့် အမိန့်ချမှတ်မည့် နေ့ရက်များကို အဆင်ပြေလွယ်ကူစွာ သိရှိနိုင်ကြပြီ ဖြစ်ပါကြောင်း။

**နေ့ချင်းကြေညာ**

ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းလာသည့် အယူခံမှု၊ ပြင်ဆင်မှု လျှောက်ထားချက်များနှင့်ပတ်သက်၍ ယင်းသို့ တင်သွင်းလာသည့်နေ့တွင် ရုံးခန်းတာဝန်ကျ တရားသူကြီးတစ်ဦးရှေ့မှောက်သို့ တင်ပို့စေပြီး လက်ခံသင့်၊ မသင့် ဆုံးဖြတ်ရပါကြောင်း၊ အကယ်၍ လက်ခံလျှင်ဖြစ်စေ၊ ပလပ်လျှင်ဖြစ်စေ ယင်းသို့ လက်ခံကြောင်း၊ ပလပ်ကြောင်း ဆုံးဖြတ်သည့်အမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြော်ငြာသင်ပုန်းများတွင် နေ့ချင်းကြေညာရပါကြောင်း၊ ထိုသို့ အခြေအနေမျိုးတွင် အယူခံမှု၊ ပြင်ဆင်မှုအပေါ် လက်ခံကြောင်း၊ ပယ်ကြောင်း ချမှတ်လိုက်သည့် အမိန့်၊ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ နေ့စဉ်ထုတ်သတင်းစာများတွင် အချိန်မီ ထည့်သွင်းဖော်ပြရန် ဖြစ်နိုင်မည် မဟုတ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လက်ခံကြားနာ စီရင်ဆုံးဖြတ်သည့် အမှုအခင်းများ၏ အပတ်စဉ် ကြိုတင်အမှုခေါ်စာရင်းများ၊ လက်ခံသည့် အမှုများ၊ အကျဉ်းနည်းဖြင့် ပယ်သည့်အမှုများ၊ အပြီးသတ် အမိန့်ချသည့် အမှုများကို နေ့စဉ်ထုတ်သတင်းစာ တစ်ခုခုတွင် ပုံမှန် သို့မဟုတ် အချပ်ပိုစာမျက်နှာတစ်ခု၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စာမျက်နှာအဖြစ် ထည့်သွင်းကြော်ငြာပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဦးဟန်ဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့က ဆွေးနွေးကြသည်။

**ကောင်းသထက်ကောင်းအောင်**

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ဆွေးနွေးရာတွင် ဤဥပဒေမူကြမ်းကို ပြင်ဆင်ဖြည့်စွက်ဆွေးနွေးရခြင်းနှင့်ပတ်သက်၍ နိုင်ငံသူနိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည့် သစ်တောသယံဇာတများအား စီမံအုပ်ချုပ်သည့် လုပ်ငန်းတို့ကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ အစိုးရအဖွဲ့၏ သစ်တောရေးရာမူဝါဒနှင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒတို့ကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးရန်အတွက် အဓိကရည်ရွယ်၍ ဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ခေတ်အဆက်ဆက်မှ ယနေ့ထိတိုင် သစ်တောဥပဒေ၏အားနည်းချက်များကို စစ်ကြောပြုစုအဖြေရှာ ဆွေးနွေးကြရင်း ကောင်းသထက်ကောင်းအောင် အမြန်ပြဋ္ဌာန်းပေးနိုင်ပါရန် ပြည်သူအများ မျှော်လင့်နေပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်သိန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ဥပဒေကြမ်းကော်မတီနှင့် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းခဲ့ရာတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်းက မူလဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(၅)၊ ပုဒ်မ ၄၆၊ ပုဒ်မ ၅၉တို့ကို ပယ်ဖျက်သင့်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးက မူလဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(၅)ကို ပယ်ဖျက်သင့်ကြောင်း၊ ပုဒ်မ ၁၇ ၏ နောက်တွင် ပုဒ်မ ၁၈ အဖြစ် အသစ်ဖြည့်စွက်သင့်ကြောင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်းက မူလဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(၅)ကို ပယ်ဖျက်သင့်သည်ဟု ဆွေးနွေးခဲ့ပါကြောင်း။

**အတည်ပြုဆောင်ရွက်သင့်**

မူလဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(၅)၊ ပုဒ်မ ၄၆၊ ပုဒ်မ ၅၉ တို့ပါ ပြဋ္ဌာန်းချက်များသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် တမင်ရည်ရွယ်ချက်ဖြင့် မမှန်မကန် တိုင်ကြားသည့် ကိစ္စရပ်များအပေါ် အရေးယူဆောင်ရွက်ရန် လိုအပ်ခြင်းကြောင့် ပယ်ဖျက်ရန် မသင့်သည့်အတွက် လည်းကောင်း၊ ပုဒ်မ ၁၇ ၏ နောက်တွင် ပုဒ်မ ၁၈ အဖြစ် အသစ်ဖြည့်စွက်ချက်သည် code of conduct ရေးဆွဲဆောင်ရွက်နေပြီဖြစ်ခြင်း၊ မူလဥပဒေ ပုဒ်မ ၇၂ တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များနှင့် ဝိရောဓိဖြစ်နိုင်ခြင်း၊ အဆိုပြုတင်ပြချက်သည် ဥပဒေရေးထုံးနှင့် ညီညွတ်မှုမရှိဘဲ ဆိုလိုသည့် အဓိပ္ပာယ်ပေါ်လွင်ထင်ရှားမှု မရှိခြင်းတို့ကြောင့် အသစ်ဖြည့်စွက်ရန် မလိုအပ်သည့်အတွက် လည်းကောင်း အဆိုပါ ဆွေးနွေးချက်များကို လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်သည်ဟု သဘောထားရရှိခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း၊ နော်လှလှစိုး၊ ဦးလှဆန်းတို့၏ တင်ပြချက်များကို လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်းနှင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခု ထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

**ထောက်ခံ**

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က အဆိုပါ ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်ကထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၃၅၃၀ ဒသမ ၂၆ သန်း ဖြစ်ပေါ်ခဲ့

**နေပြည်တော် မေ ၂၃**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၂ ဒသမ ၈၆ သန်းခန့်၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၉၀ ဒသမ ၃၄ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၅၃ ဒသမ ၂၀ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၃၄ ဒသမ ၅၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၃ ဒသမ ၄၁ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၀၇ ဒသမ ၉၅ သန်း ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁၆၁ ဒသမ ၁၅ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၇၅ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၄၉၆ ဒသမ ၂၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၉၈၃ ဒသမ ၇၂ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၄၇၉ ဒသမ ၉၇ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၃၃၅ ဒသမ ၉၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၇၄ ဒသမ ၃၂ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၀၁၀ ဒသမ ၂၃ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၀၄၉၀ ဒသမ ၂၀ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃၅၃၀ ဒသမ ၂၆ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

## ဝမ်းပျက်ဝမ်းလျှောရောဂါ မိုးဦးကျကာလတွင် သတိပြုပါ

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသော အစားအစာနှင့် သောက်သုံးရေတို့မှတစ်ဆင့် ကူးစက်တတ်သော ရောဂါတစ်ခုဖြစ်ပါသည်။ ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များလေ့ရှိပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါမှာ ဘက်တီးရီးယား (သို့မဟုတ်)ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားနိုင်ပါသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရန်-**

- ရေကိုကျိုချက်၍ သောက်သုံးပါ။
- တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ပါ။
- အစားအစာများကို ပူပူနွေးနွေးစားသောက်ပါ။ ယင်မနားအောင် ဖုံးအုပ်ထားပါ။
- အစာမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။
- ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကိုဂရုပြုဆောင်ရွက်ပါ။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက အချိန်မီ ကုသမှုမခံယူလျှင် အသက်ဆုံးရှုံးနိုင်ပါသည်။ နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သော ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# အဆင့်မြင့်ပညာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၁)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကောလိပ်များကို ဒီဂရီကောလိပ်အဆင့်၊ ဒီဂရီကောလိပ်များကို တက္ကသိုလ်အဆင့် တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် လိုအပ်ချက်ရှိသောဒေသများတွင် ကောလိပ်အသစ်များ ဖွင့်လှစ်သွားရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှုစွမ်းရည်၊ ဦးဆောင်နိုင်မှုစွမ်းရည်များက အရေးကြီးပါကြောင်း။

တက္ကသိုလ်ဝင်ခွင့်ရသူများ စာရင်းကို ပညာရေးဝန်ကြီးဌာန Website: www.moe.gov.mm မှ အသိပေးထုတ်ပြန် ဆောင်ရွက်သွားလျက်ရှိပြီး ပထမနှစ် ကျောင်းသား ကျောင်းသူများအား နိုဝင်ဘာလလယ်မှစ၍ ကျောင်းအပ်လက်ခံခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းများကို စဉ်းစားတွေးခေါ်မှု အားပေးသောမေးခွန်းများ ပိုမိုပါဝင်လာစေရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ နှစ်နှစ်သင် ပညာရေးကောလိပ်များကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ်သို့ အဆင့်မြှင့်တင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ဝန်ထမ်း စွမ်းရည်မြင့်မားရေးအတွက် ဌာနအတွင်း စီမံခန့်ခွဲရေး မွမ်းမံသင်တန်းများကို ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ရာထူးတိုး၊ ရာထူးပြောင်း ကိစ္စရပ်များကို အများစုသဘောတူသော စံသတ်မှတ်ချက်မူများနှင့်အညီ ပွင့်လင်းမြင်သာစွာ တန်းစီဇယားနှင့် အမိန့်ကြော်ငြာစာများကို ပညာရေးဝန်ကြီးဌာန Website တွင် ဖော်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ စာသင်ဆောင်၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်၊ စာကြည့်တိုက်၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ခြင်းတို့ကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းအလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ပြည်ပသံအဖွဲ့များ သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးမှ ညွှန်ကြားရေးမှူးချုပ် H.E. Mr. Johannes Olijelund ဦးဆောင်သောအဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး H. E. Prof. Dr. IzaFadriနှင့် American Refugee Committee အဖွဲ့၏ဥက္ကဋ္ဌ Mr. Daniel Wordsworth တို့က ယနေ့နံနက်ပိုင်းတွင် သီးခြားစီလာရောက်တွေ့ဆုံသည်။

ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံစဉ် ဆွီဒင်နိုင်ငံအစိုးရက မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးရေးမဟာဗျူဟာ ၂၀၁၈-၂၀၂၂ ချမှတ်၍ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီဖြစ်ထွန်းရေး၊ ကျား၊ မ တန်းတူညီမျှမှု ဆိုင်ရာမူဝါဒ၊ ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အတွက် အကူအညီပေးမည့်အစီအစဉ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ ပြည်သူများအတွက် လူသားချင်း စာနာကူညီမှုများထိရောက်စွာ ထောက်ပံ့နိုင်ရေး ဆွီဒင်နိုင်ငံမှအကူအညီပေးရန် အသင့်ရှိမှုတို့ကို ဆွေးနွေးခဲ့သည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အင်ဒိုနီးရှားသံအမတ်ကြီး H. E. Prof. Dr. IzaFadri ဦးဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာနှင့် သဘာဝဘေး စီမံခန့်ခွဲမှုဆိုင်ရာ လက်ရှိပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားရေး၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် အနီးကပ်ညှိနှိုင်း၍ ရခိုင်ပြည်နယ်တွင် ဆေးရုံတည်ဆောက်မှု အခြေအနေနှင့်အင်ဒိုနီးရှားနိုင်ငံအစိုးရမှ ကျောင်းဆောက်လုပ်လှူဒါန်းမှုများနှင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် UEHRD ပြည်ထောင်စုစီမံကိန်းတွင် ပါဝင်၍ လူထုအခြေပြု စီမံကိန်းတစ်ရပ် ဆောင်ရွက်ရန် အဆိုပြုတင်ပြမည့် ကိစ္စများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

American Refugee Committee (ARC) အဖွဲ့၏ ဥက္ကဋ္ဌ Mr. Daniel Wordsworth နှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသည့် ကလေး အသက်နှစ်နှစ်အထိ ငွေကြေးထောက်ပံ့သည့် အစီအစဉ်တွင် ပါဝင်ကူညီဆောင်ရွက်မှု၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် သဘောတူညီမှုစာချွန်လွှာတစ်ရပ် ရေးထိုးရေးဆောင်ရွက်မှုနှင့် ဝန်ကြီးဌာန၏ အခြားသောလုပ်ငန်းများတွင် ARC မှ အားဖြည့်ပါဝင်နိုင်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ Mother Group of Companyမှ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနလက်အောက်ရှိ သင်တန်းကျောင်းများဖြစ်သော အမျိုးသမီးသက်မွေးအတတ်သင်ကျောင်း၏ ပြုပြင်ထိန်းသိမ်းခြင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းတွင် လိုအပ်သော ပြုပြင်မှုများဆောင်ရွက်ရန်အတွက် ငွေကျပ် ၈၃၀၀၀၀၀ အား လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နမ္မတူမြို့နယ်အတွင်း ခေတ္တတိမ်းရှောင်မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် မေ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်အတွင်း ခေတ္တတိမ်းရှောင်လာသော မိသားစုဝင် ၇၀၃ ဦးတို့အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် နမ္မတူမြို့ရှိ ကယ်ဆယ်ရေးစခန်းများဖြစ်သော ကြူဆော့၊ လီဆူနှင့် ကချင်နှစ်ခြင်းဘုရားရှိခိုးကျောင်းတို့၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (လားရှိုး)မှ ဒေသကြီးကြပ်ရေးမှူး ဦးမောင်မောင်နိုင်၊ နမ္မတူမြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ နမ္မတူမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဆင့်၊ ရပ်မိရပ်ဖများနှင့် ခေတ္တတိမ်းရှောင် တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးသော ငွေကျပ် ၁၂၈၅၃၉၄၇ တန်ဖိုးရှိ ဆန် ၃၄၇ အိတ်၊ ဆီ ၁၀၉၀ ပိဿာ၊ ပဲ ၁၀၉ ပိဿာ၊ ဆား ၁၆၃ ပိဿာ တို့ကို ဒေသကြီးကြပ်ရေးမှူး ဦးမောင်မောင်နိုင်က ပေးအပ်ရာ ဒေသခံ ပြည်သူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူထုဗဟိုပြုစီမံကိန်း မှတ်တမ်းဓာတ်ပုံပြပွဲ ကျေးရွာပြည်သူများ လာရောက်လေ့လာ

**စေတုတ္တရာ မေ ၂၃**

စေတုတ္တရာလူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်)မှ စီမံကိန်းအား လူအများ ပိုမိုသိမြင်နားလည်သတိပြုမိစေရန်နှင့် စီမံကိန်းကို ရှေ့ဆက်ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ စတုတ္ထအကြိမ်မြောက် သတင်းပြန်ကြားဆက်သွယ်ရေးနှင့်မှတ်တမ်းဓာတ်ပုံပြပွဲကို စင်းချောင်းကျေးရွာ ကျေးရွာစုရပ်ဆောင်၌ မေ ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းပြန်ကြားရေးဆိုင်ရာပြခန်းသို့ ကန်ပက်လက်မြို့နယ်နှင့် ဆောမြို့နယ်တို့မှ ကျေးရွာပြည်သူများ လာရောက်လေ့လာကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် လူထုဗဟိုပြုစီမံကိန်းမှ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးကျော်မျိုးထိုက်တို့က ကျေးရွာအဆောက်အအုံများ ရေရှည်အသုံးပြုနိုင်ရန် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန် ကျေးရွာအသီးသီးမှ စီမံကိန်းအထောက်အကူပြုကော်မတီဝင်များနှင့် စီမံကိန်းဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးကော်မတီဝင်များနှင့် ကျေးရွာလူထုအား ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

ပြပွဲတွင် စီမံကိန်းအကောင်အထည်ဖော်သည့် ဓာတ်ပုံမှတ်တမ်းများ၊ စီမံကိန်းမှ ဖြန့်ဝေသော ဗီနိုင်းနှင့်လက်စွဲစာအုပ်များ၊ လက်ကမ်းစာစောင်များ စီမံကိန်းတံဆိပ်ပါ မိုးကာအကျီ၊ ကျောပိုးအိတ်၊ တီရှပ်အကျီ၊ ဦးထုပ်၊ ဘောပင်၊ စီမံကိန်းလိုဂိုပါသော ကြွေပြား၊ ကျား၊ မရေးရာ ကဏ္ဍနှင့်ပတ်သက်သော သိကောင်းစရာစာအုပ်များကို ခင်းကျင်းပြသထားသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

❍ ရန်ကုန်မြို့မှ

အပြောင်းအလဲအနည်းငယ်ရှိတာကလွဲပြီး ဆိုးဆိုးရွားရွားတော့မဖြစ်ပါဘူး”ဟု ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြမောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၄၄ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်တို့သို့ နေ့စဉ် ရေချို၊ ရေငန် ငါး၊ ပုစွန် ပိဿာချိန် ခြောက်သိန်းကျော် ပို့ဆောင်ပေးနိုင်ရန် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေး၊ သီရိမင်္ဂလာဈေးအနီး ရွှေပိတောက်ငါးဈေးနှင့် အင်းစိန်ငါးဈေးသို့ တွံတေး၊ ခရမ်း၊ မအူပင်၊ ပဲခူး၊ ညောင်တန်း၊ ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရခိုင် စသည့် မြို့နယ်တို့မှ ပေးပို့လာသော ငါး၊ ပုစွန်များကို ဈေးတာဝန်ခံများနှင့် ဈေးသာယာရေးအဖွဲ့များက ကုန်ဈေးနှုန်းတည်ငြိမ်နိုင်ရေး ဦးတည်၍ နေ့စဉ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၄ မြို့နယ်မှ ငါး၊ ပုစွန် စားသုံးမှုမှာ ရေချို၊ ရေငန် ငါး၊ ပုစွန် ပိဿာ နှစ်သိန်းသုံးသောင်းကျော်ရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ နေ့စဉ် ငါး၊ ပုစွန် ကုန်စည်စီးဆင်းမှုမှာ ပိဿာချိန် လေးသိန်းခန့် ပို့ဆောင်ပေးလျက်ရှိကြောင်း ဗဟိုစံပြငါးဈေးတာဝန်ခံ ဦးမောင်မောင်သန်းထံမှ သိရသည်။

**စောသိန်းဝင်း**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၂၃** ။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**ကြေးမုံ**

ပညာရေးဝန်ကြီးဌာန

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၈၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# ICC အဖွဲ့ဝင်မဟုတ်သည့် မြန်မာနိုင်ငံအား အရေးယူမှုများ ပြုလုပ်လာပါက လက်ခံမည်မဟုတ်

နေပြည်တော် မေ ၂၃

**ရခိုင်ပြည်နယ် မောင်တောဒေသ ပဋိပက္ခဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး ICC အဖွဲ့ဝင် မဟုတ်သည့် မြန်မာနိုင်ငံအား အရေးယူမှုများပြုလုပ်ရန် ဆောင်ရွက်လာပါက လက်ခံမည်မဟုတ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။**

ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနတွင် ပြုလုပ်သည့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဝန်ကြီးဌာနများ၏ ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ၏ မေးမြန်းမှုနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

“ICC နဲ့ပတ်သက်ပြီး နိုင်ငံတကာ စစ်ဘက်သဘောတူညီချက်နဲ့ ပတ်သက်လို့ ကုလသမဂ္ဂက မူချထားတာရှိတယ်၊ အဖွဲ့ဝင်နိုင်ငံတွေအပေါ် သက်ရောက်မှုရှိတယ်၊ နိုင်ငံတကာစာချုပ် ဗီယင်နာ ကွန်ဗင်းရှင်းဆိုတာရှိတယ်၊ ဘာကိုဖော်ပြထားသလဲဆိုရင် နိုင်ငံတစ်နိုင်ငံက နိုင်ငံတကာ သဘောတူညီချက် ၁၂ ခုကို လိုက်နာဖို့ဆိုတာ ပထမ လက်မှတ်ထိုးရတယ်၊ အတည်ပြုတယ်၊ ပြီးမှအဖွဲ့ဝင်ဖြစ်တယ်၊ လက်မှတ်မထိုးတဲ့ နိုင်ငံတွေက အသက်ဝင်လားဆိုတော့ မဝင်ဘူး၊ ပွင့်ပွင့်လင်းလင်းပြောရရင် မြန်မာနိုင်ငံဟာ ICC အဖွဲ့ဝင်အဖြစ် လက်မှတ်ထိုးမထားဘူး၊ အစဉ်အလာလည်း မရှိဘူး၊ ဥပမာ ဒုက္ခသည်တွေအများကြီး ဘင်္ဂလားဒေ့ရှ်ကို ရောက်သွားတဲ့အတွက် မြန်မာနိုင်ငံမှာ တာဝန်ရှိတယ်ဆိုရင် ကမ္ဘာမှာ EU နိုင်ငံတွေ ခွဲတမ်းချပြီး ယူခဲ့ရတဲ့ ဆီးရီးယား ပဋိပက္ခတွေရှိတယ်၊ ဆိုလိုတာက ICC အဖွဲ့ဝင်ဖြစ်တဲ့ အဲဒီနိုင်ငံတွေတောင် ဒီလိုကိစ္စတွေမှာ အရေးယူမှု မရှိခဲ့ဘူး၊ မြန်မာနိုင်ငံနဲ့ ပတ်သက်လာရင် လက်မခံဘူး” ဟု ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။

ဆက်လက်၍ ၎င်းက “နိုင်ငံတကာသဘောတူညီချက် သဘောတရားတွေအရ ရှင်းရမယ်ဆိုရင် မြန်မာနိုင်ငံက ICC အဖွဲ့ဝင် မဟုတ်ဘူး၊ ICC ဟာ မြန်မာနိုင်ငံအပေါ် သက်ရောက်မှုမရှိဘူး၊ ဖြစ်လာတာက ဘာလဲဆိုတော့ မြန်မာနိုင်ငံမှာ ပြဿနာတွေဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ရောက်သွားတယ်၊ ဘင်္ဂလားဒေ့ရှ်က ICC အဖွဲ့ဝင်နိုင်ငံ ဖြစ်တယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ Observation ကို တောင်းတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ သဘောထားက မီဒီယာတွေမှာလည်း ထင်ဟပ်နေတယ်၊ သူကတော့ Observation တင်မယ်၊ တင်ရင် ICC မှာ တရားသူကြီး သုံးယောက်ထိုင်မယ်၊ အဲဒီကနေ ဒီဟာသည် ICC ကနေ စစ်ဆေးသင့်၊ မသင့်၊ လက်ခံလား၊ မခံလား၊ လက်ခံတယ်ဆိုရင် ကော်မတီတစ်ရပ်ဖွဲ့မယ်၊ ဒါက ICC Process ပါ၊ ကမ္ဘာမှာ ICC ကနေ အရေးယူတဲ့ နိုင်ငံတွေဖြစ်စဉ်ကို ကြည့်လိုက်ရင် နံပါတ်တစ် ICC အဖွဲ့ဝင်မဟုတ်ရင် လုပ်လို့မရဘူး၊ လုပ်လို့မရတာကို လုပ်ရင် လက်မခံဘူး။

“နံပါတ်နှစ် ICC အဖွဲ့ဝင်မဟုတ်ဘူး၊ ဒါပေမယ့် ဘင်္ဂလားဒေ့ရှ်နဲ့ ဆက်နွှယ်ပြီး လုပ်လာမယ်ဆိုရင် ကမ္ဘာပေါ်မှာ မရှိဖူးသော ဖြစ်စဉ် မြန်မာနိုင်ငံမှာ လာဖြစ်တာကို လက်မခံဘူး၊ သုံးအချက်က အစပိုင်းက တပ်မတော်ခေါင်းဆောင်တွေကို ပစ်မှတ်ထားတယ်၊ အခုအစိုးရခေါင်းဆောင်တွေလည်း ပါလာပြီဆိုတာကို ပြောချင်တာ၊ ပြည်သူတွေကြားမှာ အများကြီးထွေပြားမှုရှိတယ်၊ ဒါက ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ သက်ဆိုင်တယ်၊ နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ ကိုယ်ရဲ့အချုပ်အခြာအာဏာကို ကိုယ်ပိုင်ပါတယ်၊ ဘယ်နိုင်ငံမှ စော်ကားလို့မရဘူး၊ UN Charter မှာပါတယ်၊ ဒါပေမယ့် အကြောင်းအရင်းတွေကြောင့် ဖြစ်လာတဲ့ဒီကိစ္စတွေက ဥပမာ အကြမ်းဖက်အဖွဲ့အစည်းက တိုက်သွားတယ်၊ ပြည်သူတွေ၊ မြို့တွေ၊ သက်တွေ၊ ရခိုင်တွေ သေတယ်၊ ထွက်ပြေးရတယ်၊ ဟိန္ဒူတွေ အသတ်ခံရတယ်၊ တပ်မတော်အဖွဲ့အစည်းတွေ ဝင်လာပြီး ကာကွယ်ရတယ်၊ တပ်မတော်အဖွဲ့အစည်းတွေ လုံခြုံရေးတပ်ဖွဲ့တွေမရှိရင် အကုန်ဒုက္ခရောက်ပြီ၊ ဒီလို အနေအထားမျိုးမှာ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ Right of Defence ဆိုတာရှိတယ်၊ ကိုယ့်ရဲ့ပြည်သူလူထုကို အကြမ်းဖက်သတ်ဖြတ်မှုခံရတယ်ဆိုရင် ကာကွယ်ရမှာပဲ” ဟု ပြောသည်။

**မင်းသစ်(MNA)**

## လယ်ဝေးမြို့၌ ကတ္တရာလမ်းဖွင့်

**လယ်ဝေး မေ ၂၃**

နေပြည်တော် လယ်ဝေးမြို့ အေလာကျေးရွာ အေလာသီရိကတ္တရာလမ်း ဖွင့်ပွဲကို မေ ၂၁ ရက် နံနက် ၈ နာရီက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အေလာသီရိကတ္တရာလမ်းကို နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်း၊ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးနှင့် ကုမ္ပဏီမှ တာဝန်ခံတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်သည့် အေလာသီရိကတ္တရာလမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် ဇလပ်ကုမ္ပဏီမှ တာဝန်ယူ၍ အရှည် ပေ ၈၆၂၀၊ အကျယ် ၁၀ ပေ လမ်းကို တစ်ဖက်လျှင် နှစ်ပေစီ တိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မူလတန်းအဆင့်ဒုတိယတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့် သင်တန်းဆင်းပွဲ မောင်တောမြို့ အထက(၁)တွင် ကျင်းပ

**မောင်တော မေ ၂၃**

မောင်တောမြို့နယ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မူလတန်းအဆင့် ဒုတိယတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့် သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မောင်တောမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးခင်အောင်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းသားများကိုယ်စား သင်တန်းသားဆရာတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းသည် ကလေးငယ်များ၏ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်းစားတွေးခေါ်တတ်စေရန်နှင့် ဘာသာရပ်တိုင်းကို လေ့လာပြီး လက်တွေ့သင်ကြားနိုင်ရေးအတွက် သင်တန်းတက်ရောက်လာကြသည့် သင်တန်းသား ဆရာ ဆရာမများကို စနစ်တကျသင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းနည်းပြများက အားကြိုးမာန်တက် သင်ကြားပေးခဲ့သည့်အပြင် သင်တန်းသား ဆရာ၊ ဆရာမများကလည်း စိတ်ပါဝင်စားစွာ လေ့လာသင်ယူခဲ့ကြကြောင်း သိရသည်။

မောင်တောမြို့နယ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မူလတန်းအဆင့် ဒုတိယတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့် သင်တန်းကို မေ ၈ ရက်မှ ၂၃ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းနည်းပြ ဆရာ ဆရာမ၊ သင်တန်းသား ဆရာ ဆရာမများ အပါအဝင် စုစုပေါင်း ၄၈၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ ဇင်ဦး**

## ဥရောပနှင့် အမေရိကန်သို့ ရေထွက်ကုန်ပစ္စည်းတင်ပို့ရန် ဈေးကွက်ရှိသော်လည်း မွေးမြူရေးလုပ်ငန်းရှင်များလိုက်နာရန် စည်းမျဉ်း၊ စည်းကမ်းများကြောင့် မတင်ပို့နိုင်သေး

**ရန်ကုန် မေ ၂၃**

ဥရောပနှင့် အမေရိကန်နိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့ရန် ဈေးကွက်များရှိနေသော်လည်း မွေးမြူရေးလုပ်ငန်းရှင်များလိုက်နာရန် စည်းမျဉ်း၊ စည်းကမ်းများကြောင့် တင်ပို့ခွင့်မရသေးသဖြင့် လိုအပ်ချက်များကို အမြန်ဆုံးပေါင်းစပ်ညှိနှိုင်းပေးရန် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းအေးက ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနထံ တောင်းဆိုလိုက်သည်။ မေ ၂၂ ရက်က ကျင်းပသော ပုံမှန်အစည်းအဝေးတွင် ပြောကြားလိုက်ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂအဖွဲ့၏ စည်းမျဉ်း၊ စည်းကမ်းတွင် အဓိကက ဓာတုဓာတ်ကြွင်းစောင့်ကြည့်ခြင်း အစီအစဉ်များ (National Residue Monitoring Plans) သည်အရေးကြီးပြီး ယင်း NRMP အရ ငါး၊ ပုစွန်များတွင် ဓာတ်ကြွင်းဓာတ်ကျန် ရှိ၊ မရှိကို မျိုးငါးထိန်းသည့်စနစ်မှစတင်ကာ သားဖောက်ခြင်း၊ မွေးမြူခြင်း၊ အစားကျွေးခြင်း၊ နောက်ဆုံးအဆင့်လုပ်သည်အထိ စစ်ဆေးခြင်းဖြစ်ကြောင်း၊ တင်ပို့မည့် ပစ္စည်းများသည် ကောင်းမွန်သော ငါးမွေးမြူသည့်စနစ်နှင့်ကိုက်ညီမှုရှိသော သားဖောက်စခန်းမှ ထွက်ရှိလားဆိုသည့်အချက်များကို လေ့လာပြီးမှသာ တင်ပို့ခွင့်ရရှိမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် NRMP ပါ အချက်အလက်များကို ဥရောပသမဂ္ဂအဖွဲ့မှ တာဝန်ရှိသူများက အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များကို မေးခွန်းများ မေးမြန်းနေဆဲနှင့် နမူနာများ တင်ပို့နေသည့်အဆင့်မှာ အချိန်အားဖြင့် တစ်နှစ်ကျော်လာပြီဖြစ်သော်လည်း လက်ရှိအချိန်အထိ တင်ပို့ခွင့်မရရှိသေးကြောင်း သိရသည်။

“အခုက ဈေးကွက်ကရှိတယ်၊ ဥရောပသမဂ္ဂအဖွဲ့ကလည်း မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အထူးအစီအစဉ်ပေးထားတော့ အခွန်က ပေးစရာမလိုဘူး၊ အမေရိကန်ကလည်း အခွန်ပေးစရာမလိုဘူး၊ ဒီလိုအခွင့်အရေးပေးထားပေမယ့် ပင်လယ်ပြင်ဖမ်းဆီးတာပို့ရပြီး မွေးမြူတဲ့ပစ္စည်းက ပို့မရသေးတော့ export မတင်နိုင်ဘူး၊ ဆိုလိုတာက အခွင့်အရေးရှိပေမယ့် မရသေးတာနဲ့ အတူတူပဲ၊ export မတင်ပို့နိုင်ဖို့အတွက် လိုအပ်တာကို Follow up လုပ်ရမယ်၊ လိုအပ်ချက်တွေကို အချိန်တိုအတွင်းရအောင် လုပ်ဖို့တော့ လိုတာပေါ့” ဟု ဦးထွန်းအေးက ပြောသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့ဈေးကွက်မှ demand များသော ကဏန်းပျော့နှင့်ပုစွန်မျိုးများ မွေးမြူနိုင်သော်လည်း ယင်းဈေးကွက်များသို့ မတင်ပို့နိုင်သေးသဖြင့် တရုတ်နိုင်ငံကိုသာ အဓိကထား တင်ပို့နေရကြောင်း သိရသည်။

“အရင်ကတော့ မွေးမြူတဲ့သူတွေက GAP စနစ်လည်း နားမလည်ကြဘူး၊ အခုက တော်တော်လေးနားလည်လာကြပြီဆိုတော့ အဲဒီလို ပို့နိုင်အောင် ပြင်ဆင်တဲ့သူတချို့လည်း ရှိနေပါပြီ၊ ဒါပေမယ့် တချို့ငါးကန်တွေက ကြက်တို့၊ ဘဲတို့၊ ဝက်တို့နဲ့တွဲပြီး မွေးတာတွေလည်းရှိတော့ အဲဒီအပိုင်းတွေက လုံးဝလက်ခံလို့မရဘူး၊ မွေးမြူရေးသမားတွေအနေနဲ့ ကမ္ဘာ့ဈေးကွက်ထဲကို ဝင်ချင်ရင်တော့ GAP စနစ်ကို သိအောင်လုပ်ပြီး ပြင်ဆင်ထားဖို့လိုပါတယ်”ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်က ပြောသည်။

ဥရောပနှင့် အမေရိကန်အပြင် ရုရှားနိုင်ငံကလည်း မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူရန်စိတ်ဝင်စားမှုရှိသောကြောင့် အစိုးရချင်းညှိနှိုင်းပေါင်းစပ်ပေးပါရန် ဦးထွန်းအေးက တောင်းဆိုခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဝင်းမြင့်က ဥရောပသမဂ္ဂအဖွဲ့၏ စည်းမျဉ်း၊ စည်းကမ်းများသည် ငွေကြေးမြောက်မြားစွာကုန်သလို အချိန်ယူဆောင်ရွက်ရမည်ဖြစ်သော်လည်း ရေရှည်တွင် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သဖြင့် အားလုံးဂရုတစိုက် လုပ်ဆောင်ပါက အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ပြောသည်။

**မေသက်နှင်း**

**✻ ပြည်သူ့အတွက်မှ**

၂၀၂၀-၂၀၂၁ ခုနှစ်တွင် ပို့ကုန်သုံးဆ မြှင့်တင်နိုင်ရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်တွေ့အခြေအနေတွင် ၂၀၁၅-၂၀၁၆ ခုနှစ် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၃ ဘီလီယံရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၁၄ ဒသမ ၈၃ ဘီလီယံရှိသည့်အတွက် နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၀ ဘီလီယံ တိုးတက်လာခဲ့ပါကြောင်း။

**လက်လီ၊ လက်ကား**

ကုန်သွယ်မှုတိုးတက်စေရေးအတွက် ဖြေလျှော့မှုများအဖြစ် ကုန်သွယ်မှုအတားအဆီးများကို ဖယ်ရှားပေးရန် ဆောင်ရွက်ရာတွင် ပို့ကုန်၊ သွင်းကုန်လိုအပ်သည့် ကုန်စည်အမည် ၁၁၁၆၇ ခုရှိသည့်အနက် ပို့ကုန်ပိုင်းတွင် လိုင်စင်လိုအပ်သည့် ကုန်စည်အမည် ၃၃၄၅ ခု လျှော့ချခြင်း၊ သွင်းကုန်ပိုင်းတွင် ၄၈၁၈ ခုတို့ လျှော့ချခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို နိုင်ငံခြားကုမ္ပဏီများနှင့်ဖက်စပ်လုပ်ငန်းများအား ခွင့်ပြုခြင်း၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများကို ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာနှင့် ဆောက်လုပ်ရေးသုံးကိရိယာများကို ပြည်တွင်းကုန်သွယ်မှု ခွင့်ပြုခဲ့ခြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ် အရှင်များကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခဲ့ခြင်း၊ ရွှေလက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သည့် အနုပညာပစ္စည်းများ၊ အသုံးအဆောင်များကို တင်သွင်း၊ တင်ပို့ခွင့်ပြုခဲ့ခြင်း၊ နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများ ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများအား လက်လီ၊ လက်ကားရောင်းချခွင့်ပြုခြင်းများကို ဆောင်ရွက်ခွင့်ပေးခဲ့ပါကြောင်း။

ကုန်သွယ်မှုလိုငွေသည် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၄၁ ဘီလီယံရှိခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုရှင်းတမ်းလိုငွေပြမှုတွင် အဝတ်အထည်၊ သဘာဝဓာတ်ငွေ့၊ ဆန်နှင့်ပြောင်းပိုမိုတင်ပို့နိုင်မှုကြောင့် ကုန်သွယ်မှု လိုငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၄ ဘီလီယံလျော့ကျသွားခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုထွန်းကားလာအောင် ကိုရီးယားနိုင်ငံရှိ ကုမ္ပဏီတစ်ခုနှင့်ပူးပေါင်း၍ လှိုင်သာယာတွင် ထောက်ပံ့ပို့ပိုးရေးဌာန(Logistic Hub) တစ်ခုကို ဖက်စပ်ထူထောင်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍ ထောက်ပံ့ပို့ပိုးရေးဌာနများကို နိုင်ငံတစ်ဝန်းထူထောင်သွားမည်ဖြစ်ပါကြောင်း။

**ပြည်ပပို့ကုန်များ**

ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုများတိုးတက်နိုင်ရန် စီးပွားရေးသံမှူးများနှင့် ကုန်သွယ်ရေးကိုယ်စားလှယ်များစေလွှတ်ခြင်းကို ၂၀၁၈ ခုနှစ်မှစတင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လွှဲပြောင်းတာဝန်ယူလျက်ရှိပြီး လက်ရှိစေလွှတ်ခဲ့သည့် ၁၁ ဦးအပြင် အရှေ့ဥရောပနိုင်ငံများ၊ လက်တင်အမေရိကနိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသများသို့ တိုးချဲ့စေလွှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းထွက်ကုန်များကို ပြည်ပနှင့်ချိတ်ဆက်နိုင်ရန် ပြည်နယ်နှင့်တိုင်းဒေသကြီး၏ မြို့တော် ၁၂ ခုတွင် ကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာနများကို ထူထောင်ထားရှိပြီး ဒေသထွက်ကုန်များကို ပြည်ပပို့ကုန်များအဖြစ် တင်ပို့နိုင်ရန်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်မြို့ ကုန်သည်လမ်းတွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (International Trade Centre) တစ်ခုကိုထူထောင်ပြီး မြန်မာနိုင်ငံထွက်ကုန်များ (Made in Myanmar) မြှင့်တင်ရေးကို ပြခန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ပနိုင်ငံများရှိ ဈေးကွက်များနှင့် ချိတ်ဆက်ရေးအတွက် EU Help Desk, Korea Help Desk စသည်တို့ကို ထူထောင်သွားမည်ဖြစ်ပါကြောင်း၊ စားသုံးသူများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးထိပါးမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် သတင်းအချက်အလက်နှင့် တိုင်ကြားရေးဌာနများ (Consumer Information and Complaint Centres)ကိုလည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ထားရှိခြင်း၊ စားသုံးသူများအခွင့်အရေးကို ပိုမိုကာကွယ်နိုင်ရန် ၂၀၁၄ ခုနှစ်တွင် စားသုံးသူကာကွယ်ရေးဥပဒေကို ပြင်ဆင်၍ အသစ်ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သွင်းကုန်များစိတ်ချလုံခြုံရေးအတွက် ဓာတ်ခွဲခန်းများ ထူထောင်ထားရှိပြီး စိစစ်မှုများပြုလုပ်ပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် **နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး**က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချမှတ်ပေးထားသည့် Peace, Prosperity, Democracy ဆိုသည့် မဏ္ဍိုင်ကြီး(၃)ရပ်ရှိပါကြောင်း၊ မိမိတို့ကအတိုကောက်အားဖြင့် PPD ဟုခေါ်သည့် ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဒီမိုကရေစီရေးတို့ဖြစ်ပါကြောင်း၊ သာယာဝပြောရေးတွင် Economy လည်းပါဝင်ပါကြောင်း။



**ဒုတိယဝန်ကြီး ဦးအောင်ထူး**



**ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး**

**စောင့်ကြည့်ထိန်းသိမ်း**

နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန် လက်ထက်တွင်လုပ်ခဲ့သည့် UPWC, MPC နှင့်ဆက်စပ်ပြီး ဆောင်ရွက်ခဲ့ရသည့် လုပ်ငန်းခွင်တွင် မည်သည်တို့ကိုလုပ်ဆောင်ခဲ့သလဲဆိုလျှင် Bilateral Agreement နှင့် အပစ်အခတ်ရပ်စဲရေးကို ရအောင်ယူခဲ့ပြီး NCA ကို ယူခဲ့သည့်အတွက် ယခုအစိုးရလက်ထက်တွင် NCA ပေါ်လာပါကြောင်း၊ ထို့ပြင် NCA တွင် လက်မှတ်မထိုးရသေးသည့်အဖွဲ့များနှင့် NCA လက်မခံနိုင်သေးသည့်အဖွဲ့များ ပေါ်လာပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs)တွင် သုံးမျိုးသုံးစားရှိပါကြောင်း၊ အဆိုပါသုံးမျိုးသုံးစားကို တစ်ပြိုင်တည်း Deal လုပ်သည့်အချိန်တွင် NCA အရ ပေါ်လာသော Institution (၂)ရပ်ဖြစ်သည့် UPDJC, JMC ဟူ၍ အပိုင်း(၂)ပိုင်းရှိပြီး နိုင်ငံရေးဆွေးနွေးပွဲနှင့် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ထိန်းသိမ်းရေးတို့ကို လုပ်ဆောင်လျက်ရှိပါကြောင်း။

UPDJC တွင် အစိုးရ၊ တပ်မတော်၊ လွှတ်တော်တို့ပါဝင်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) နှင့် နိုင်ငံရေးပါတီများလည်းပါကြောင်း၊ JMC တွင် အစိုးရ၊ EAOs၊ အရပ်သားစောင့်ကြည့်သူများ (Civil Society Organization-CSO) ပါဝင်ပါကြောင်း၊ အထက်ပါအချက်များသည် Mechanism ကို အကြမ်းဖျင်းဖော်ပြထားခြင်းဖြစ်ပါကြောင်း။

**နိုင်ငံရေးဆွေးနွေးပွဲ**

မိမိတို့တွင် Working committee နှင့် National Dialogue ရှိပါကြောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ(National Dialogue)မှ တက်လာသည့် နိုင်ငံရေးစာတမ်းများကို Working committees မှ စိစစ်ပြီး UPDJC သို့ တင်ပြပါကြောင်း၊ UPDJC မှ ညီလာခံသို့ ဆက်လက်တင်ပြပါကြောင်း၊ အငြင်းပွားမှုများကြောင့် နှစ်ဖက်ညှိနှိုင်း၍မရဘဲ မဖြေရှင်းနိုင်ပါက JICM သည် ထိပ်သီးခေါင်းဆောင်များကို တွေ့ဆုံပြီး ညှိနှိုင်းဖြေရှင်းပေးရသည့်အဆင့်ကို ဆောင်ရွက်ပေးပါကြောင်း၊ ယင်းနောက် ပြည်ထောင်စုသဘောတူညီချက်ရပြီးပါက လွှတ်တော်သို့တင်ရပါကြောင်း၊ အဆိုပါလုပ်ငန်းများသည် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်အဆင့်ဆင့်ဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ် မေလတွင် ဆွေးနွေးပွဲပေါင်း(၂၂)ကြိမ်လုပ်နိုင်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၁)ကို လုပ်နိုင်ခဲ့ပါကြောင်း။

NRPC တွင် အစိုးရ၊ တပ်မတော်နှင့် လွှတ်တော်တို့ပါဝင်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ NRPC အစည်းအဝေးကို (၇)ကြိမ် ပြုလုပ်ပြီး ဖြစ်ပါကြောင်း၊ JICM တွင် အစိုးရဘက်မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ဘက်မှ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ EAOs ဘက်မှ NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ ပါဝင်ပါကြောင်း။

**စုစုပေါင်း(၃)ကြိမ်ရှိ**

JICM (၇)ကြိမ်၊ UPDJC (၁၄)ကြိမ်၊ ပြည်ထောင်စုအဆင့် JMC-U (၁၆)ကြိမ် ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတဟောင်း သမ္မတဦးသိန်းစိန် လက်ထက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၁)ကြိမ်၊ ယခုအစိုးရလက်ထက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (၂)ကြိမ် စုစုပေါင်း (၃)ကြိမ်ရှိပြီ ဖြစ်ပါကြောင်း။

အစိုးရ၏ရည်မှန်းချက်သည် Democratic Union ကို သွားချင်ပါကြောင်း၊ Short Term ရည်ရွယ်ချက်သည် ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ ညီလာခံသုံးကြိမ်တွင် Federal Principle များ ပြီးပြတ်အောင် ဆွေးနွေးလိုသည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တရားဝင်ကြေညာထားပြီး EAO များကိုလည်း ပြောထားပြီးဖြစ်ပါကြောင်း၊ လာမည့်ငြိမ်းချမ်းရေးညီလာခံ သုံးကြိမ်တွင် နိုင်ငံရေးသဘောတူညီချက်ရအောင် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ Union Accord ရယူပြီးပါက ဖက်ဒရယ်နိုင်ငံတော်၏ အုတ်မြစ်များပေါ်လာမည်ဖြစ်ပါကြောင်း၊ ယင်းနောက် Public Private Partnership ပေါ်လာမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ယခင်က အခွင့်အရေးများကို အစိုးရအဖွဲ့အနေဖြင့် ဖန်တီးလုပ်ပေးခဲ့ရသည့် အနေအထားဖြစ်ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင် လက်မှတ်ထိုးပြီးသားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် NRPC ကို တင်ပြလာသည့်အခါ စီးပွားရေးလုပ်ငန်းများ ပါဝင်ပါကြောင်း၊ ၎င်းတို့၏တပ်ဖွဲ့မိသားစုများစားဝတ်နေရေးအတွက် ဝင်ငွေရရှိရန် စီးပွားရေးလုပ်ငန်းများလိုအပ်ပါကြောင်း။

**အစိုးရများပါဝင်လာမည်**

NRPC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က PPP သွားရန်လမ်းညွှန်ထားပါကြောင်း၊ PPP သွားရန်အတွက် ဒေါက်တာအောင်ထွန်းသက်က ဦးဆောင်ပြီး ဆွေးနွေးမှုများစတင်နေပြီဖြစ်ပါကြောင်း၊ ထိုသို့ဆွေးနွေးပွဲလုပ်ဆောင်ရာတွင် ငြိမ်းချမ်းရေးကော်မရှင်၊ Private Sector က လုပ်ငန်းရှင်များ ပါဝင်လာမည်ဖြစ်ပြီး လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ပါဝင်လာမည်ဖြစ်ပါကြောင်း။

ပြည်နယ်များတွင် Strategic Plan များရှိပြီး EAO များက လုပ်ချင်သည့် စီမံကိန်းများရှိပါကြောင်း၊ အဆိုပါစီမံကိန်းများကို လေ့လာဆန်းစစ်သွားမည်ဖြစ်ပါကြောင်း၊ PPP တွင် Model ၁၃ မျိုးရှိသဖြင့် မည်သည့် Model ဖြင့် သင့်တော်သည်ကို ခွဲခြားသွားရမည်ဖြစ်ကြောင်း၊ ခွဲခြားပြီးပါက PPP တွင် EAO က မည်သည့်အတိုင်းအတာ၊ မည်သည့်ပုံစံဖြင့်သွားမည်ဆိုသည့် PPP ကို စဉ်းစားနေကျပုံစံများရှိပါကြောင်း၊ တချို့အပိုင်းတွင် PPP အတိုင်းသွား၍မရသည့် ပုံစံများလည်းရှိပါကြောင်း။

နိုင်ငံတော်ဘတ်ဂျက်ဖြင့်သွားမည်၊ ပြည်ပကူညီထောက်ပံ့မှု ODA နှင့် သွားမည်ဆိုသည်ကို Joint Coordination Body တွင် ဖော်ပြထားပါကြောင်း၊ JCB တွင် အစိုးရ၊ လက်မှတ်ရေးထိုးထားသည့်အဖွဲ့များ၊ လက်မှတ်မထိုးရသေးသည့်အဖွဲ့များပါဝင်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါကြောင်း၊ JCB တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လုပ်ချင်သည့်အရာများကို ပြည်ပအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်နေပါကြောင်း၊ ယခုလက်ရှိသွားနေသည့် အနေအထားဖြစ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးကိုခြုံပြီး ရှင်းပြပေးခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**အမျိုးအစားပေါင်း ၂၀၀**

ထို့နောက် **စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်**က ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စက်မှုဝန်ကြီးဌာနရှိ ဆေးဝါးစက်ရုံများမှ ဆေးဝါးအမျိုးအစားပေါင်း ၂၀၀ ကျော်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ သတ်မှတ်ထားသည့် GMP Guide Line နှင့်အညီ ထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ထုတ်လုပ်ပြီး ဆေးဝါးများကို သိုလှောင်ရာတွင် အရည်အသွေးထိခိုက်မှုမရှိစေရန်အတွက် ခေတ်မီဆေးဝါးသိုလှောင်ရုံ (Automated Storage and Retrieval System Warehouse)ကို တည်ဆောက်ခဲ့ပြီး ဆေးဝါးများကို သိုလှောင်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

ထုတ်လုပ်သောဆေးဝါးများကို အတုအပပြုလုပ်နိုင်ခြင်း မရှိစေရန်အတွက် ဆေးဝါးမျက်နှာပြင်များတွင် BPI တံဆိပ်ရိုက်နှိပ်ခြင်း၊ BPI စာသားရိုက်နှိပ်နိုင်ခြင်း မရှိသည့် ဆေးဝါးများကို အလွှာပါးအုပ်ဆေးဝါးအနေဖြင့် ပြောင်းလဲထုတ်လုပ်ခြင်း၊ ထုပ်ပိုးမှုပုံစံနှင့် ဒီဇိုင်းများပြောင်းလဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

**တင်ပို့ရောင်းချခဲ့**

မြွေဆိပ်ဖြေဆေးကို ဒေသတွင်းနိုင်ငံများဖြစ်သော လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံသို့ မြွေပွေးအဆိပ်ဖြေဆေး အအေးခဲခြောက် (Freeze-dried) အလုံး ၃၀၀နှင့် လာအိုနိုင်ငံသို့ မြွေဆိပ်ဖြေဆေး အလုံး ၂၀၀ ကို တစ်လုံးလျှင် US $ ၂၂ တန်ဖိုးဖြင့် တင်ပို့ရောင်းချခဲ့ပြီးဖြစ်ပါကြောင်း။

အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် အဆင်သင့်အသုံးပြုနိုင်သည့်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း ၄၁ မျိုးပါဝင်သည့် အရေးပေါ်သုံးဆေးသေတ္တာ (First Aid Kit)များကိုလည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်း။

အထည်အလိပ်ထုတ်ကုန်များ ဈေးကွက်ဝင်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် အနံကြီးပိတ်များထုတ်လုပ်ပေးနိုင်သော ရက်ကန်းစက်များကိုပြုပြင်တီထွင်နိုင်ခဲ့ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် ဆေးရုံသုံးပရိဘောဂပစ္စည်း ခုနစ်မျိုးနှင့် ခွဲစိတ်ခန်းသုံး စတီးလ်ပစ္စည်းများကို Medical Grade နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ အိမ်သုံးစတီးလ်ပစ္စည်းများနှင့် Stainless Steel Bench များကိုလည်း ဈေးကွက်လိုအပ်ချက်နှင့်အညီ တိုးချဲ့ထုတ်လုပ်လျက်ရှိပါကြောင်း။

**ထုတ်လုပ်ပေးခဲ့**

ဈေးကွက်ဝင်အဆင့်မြင့် ၁/၄၀ ပေါင်းချည်များကို အိန္ဒိယနည်းပညာရယူ၍ ပုဂ္ဂလိကနှင့်ပူးပေါင်းပြီး ထုတ်လုပ်ခဲ့ရာ ယခုအချိန်ထိ ပေါင် ၂၃ သိန်းကျော် ထုတ်လုပ်ရောင်းချနိုင်ခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဆရာဝန်များ၊ ဆေးဘက်ပညာသည်များနှင့် သူနာပြုများဝတ်ဆင်မည့် ဝတ်စုံအသစ်များကို ချုပ်လုပ်ပေးခဲ့ကြောင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ ဆရာဆရာမများအတွက် တူညီဝတ်စုံများနှင့် အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများအတွက် ကျောင်းစိမ်းလုံချည်များကိုလည်း ထုတ်လုပ်ပေးခဲ့ပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်အတိုင်း 2017 Model, TOYOTA Hiace (LHD) လူစီးမော်တော်ယာဉ် အသစ်များ မှာယူတင်သွင်းခဲ့ပြီး ယာဉ်အတွင်းတပ်ဆင်မည့် FDA အသိအမှတ်ပြု Medical Equipment & Accessories ၄၁ မျိုးတပ်ဆင်ထားသည့် Standard Type Ambulance ယာဉ်အဖြစ် Type Conversion ပြုလုပ်ခဲ့ပါကြောင်း။

စက်ရုံအလုပ်ရုံပေါင်း ၁၁၅ ရုံရှိသည့်အနက် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်နေသော စက်ရုံ ၅၇ ရုံရှိပြီး နိုင်ငံပိုင်အဖြစ် ၅၈ ရုံရှိပါကြောင်း၊ ကျန်ရှိနေသည့် နိုင်ငံပိုင်စက်ရုံများအနက် စက်ရုံရှစ်ရုံကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့တင်ပြပြီး ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းခဲ့ပြီး SME များဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် SME အေဂျင်စီများကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် SME Agency (SME ဖွံ့ဖြိုးတိုးတက်ရေးဌာန) ရုံးခွဲပေါင်း ၅၄ ရုံးဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ စက်မှုဝန်ကြီးဌာန SME ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၊ ဂျပန်နိုင်ငံ Sumitomo Mitsui Banking Corporation (SMBC) နှင့် ပုဂ္ဂလိကဘဏ်များ (CB, KBZ Bank နှင့် SMIDB) တို့ပူးပေါင်း၍ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❁

✽ စာမျက်နှာ ၁၀ မှ

CGI စနစ်ဖြင့် ချေးငွေများ ထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ CB Bank မှ လုပ်ငန်းရှင် ၂၂၅ ဦးကို ကျပ် ၂၂၈၃ သန်း ထုတ်ချေးခဲ့ပြီးဖြစ်ပါကြောင်း။

ဂျပန်နိုင်ငံ JICA မှ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မြန်မာနိုင်ငံအစိုးရသို့ ထုတ်ချေးပေးခဲ့သည့် JICA Two Step Loan ချေးငွေ ဂျပန်ယန်း သန်း ၅၀၀၀ နှင့် ညီမျှသော မြန်မာငွေကျပ် ၅၇ ဒသမ ၆၃၄ ဘီလီယံကို ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်မှတစ်ဆင့် ထုတ်ချေးပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားကြသည်။

**ထိန်းသိမ်းလိုက်နာ**

ဆက်လက်၍ **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦး**က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ရိုးသားဖြောင့်မတ်မှု၊ လွတ်လပ်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု၊ အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ လျှို့ဝှက်စောင့်ထိန်းမှု၊ လုံ့လစိုက်ထုတ်၍ သတိသမ္ပဇဉ်ဖြင့် ဆောင်ရွက်မှု၊ ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်တင်၍ ဆောင်ရွက်မှု စသည့် တန်ဖိုးများကို ထိန်းသိမ်းလိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း။

**အကောင်အထည်ဖော်**

ပြုပြင်ပြောင်းလဲမှုများအနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပြင်ဆင်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များနှင့် စာရင်းစစ်အရာရှိများ၏ တာဝန်များကို ပိုမိုအပ်နှင်းခြင်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ ပြင်ဆင်ခြင်း၊ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု ဥပဒေ၊ ၂၀၁၈-၂၀၂၂ မဟာဗျူဟာစီမံချက် ရေးဆွဲခြင်း၊ နိုင်ငံတကာစာရင်းစစ်စံများ လိုက်နာရန် ကြိုးပမ်းမှုများ၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ပြုပြင်ပြောင်းလဲဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ပြောင်းလဲဆောင်ရွက်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းသည် စာရင်းကိုသာ အဓိကထား၍ စစ်ဆေးနေရာမှ ပဓာနကျသောလုပ်ငန်းကို အလေးပေး၍ စစ်ဆေးဖော်ထုတ် အစီရင်ခံခြင်းဖြစ်သဖြင့် အကျိုးကျေးဇူးများစွာ ရရှိလာပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ နှစ်နှစ်တာကာလအတွင်း ဖြစ်ထွန်းလာခဲ့သော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကြီးမားဆုံးသော ပြုပြင်ပြောင်းလဲမှုဖြစ်ပါကြောင်း။

**စစ်ဆေးတွေ့ရှိချက်**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အစီရင်ခံစာတင်ပြမှုများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြပြီးဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာနှင့်စပ်လျဉ်းပြီး ၂၀၁၈ ခုနှစ် မတ် ၂၉ ရက်တွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဧပြီ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခဲ့ပြီးဖြစ်ပါကြောင်း။



အမြဲတမ်းအတွင်းဝန်
ဦးကိုကိုလွင်



အမြဲတမ်းအတွင်းဝန်
ဒေါ်ခင်စန်းဦး

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံး၊ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)၊ ဥရောပသမဂ္ဂ (EU)တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**သဘောထားမှတ်ချက်ပေး**

နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော စီမံကိန်းများ၏စာရင်းကို မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သော လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ သတ်မှတ်၍ ပြင်ပပုဂ္ဂိုလ် အဖွဲ့အစည်းများကို စစ်ဆေးရန် တာဝန်လွှဲအပ်ဆောင်ရွက်ခြင်း၊ အစိုးရနှင့်ဖက်စပ်ဆောင်ရွက်သော ကုမ္ပဏီများ၏စာရင်းများကို ပြင်ပစာရင်းစစ်လုပ်ငန်းများက စစ်ဆေးရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်ထောင်စုစာရင်းစစ်ချုပ်ထံမှ သဘောထားမှတ်ချက်တောင်းခံလာပါက သဘောထားမှတ်ချက်ပေးခြင်း၊ လိုအပ်သလို လမ်းညွှန်ခြင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်သူများက စစ်ဆေးထားသည့် ပုဂ္ဂလိကလုပ်ငန်းများ၏ စာရင်းများတွင် နိုင်ငံတော်သို့ ပေးဆောင်ရသည့် အခွန်အခများနှင့်စပ်လျဉ်း၍ လိုအပ်ပါက ထပ်မံစစ်ဆေးခြင်း၊ အာဆီယံနိုင်ငံများအတွင်း ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ်များ (MRA)အရ အခြားအာဆီယံနိုင်ငံများမှ စာရင်းပညာရှင်များသည် မြန်မာနိုင်ငံတွင် စာရင်းစစ်ခြင်းမဟုတ်သော ဝန်ဆောင်မှုလုပ်ငန်းများကိုသာ ဆောင်ရွက်ခွင့်ပြုထားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈)တွင် ပုဒ်မ ၇ တွင် ဖော်ပြထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံး အဆင့်ဆင့်တို့၏ စစ်ဆေးရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လုပ်ငန်းများမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပါက စစ်ဆေးရေးလုပ်ငန်းများ ယခုထက် ပိုမိုအောင်မြင်တိုးတက်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**စက်သုံးဆီဈေးနှုန်း**

အဆိုပါဝန်ကြီးဌာနများ၏ ရှင်းလင်းချက်များအပေါ် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သိရှိလိုသည်များကို မေးမြန်းကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ စက်သုံးဆီဈေးနှုန်း ကြီးမြင့်နေမှု၊ ဆန်တင်ပို့မှုမူဝါဒ၊ အစိုးရ၏ ပထမတစ်နှစ်တာကာလနှင့် ဒုတိယတစ်နှစ်တာ ကာလအတွင်း ပို့ကုန်အခြေအနေ၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးစင်္ကြံစီမံကိန်း၊ ပြည်ပသို့ သကြားတင်ပို့မှုအခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**စက်မှုဝန်ကြီးဌာန**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်းအပေါ် စိုးရိမ်မှုလျှော့ချရန် အစီအစဉ်ရှိ၊ မရှိ၊ ARSA နှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် သတင်းအချက်အလက်များ ဆောင်ရွက်နေမှုအခြေအနေ၊ (၂၁) ရာစုပင်လုံညီလာခံနှင့်ပတ်သက်ပြီး ကြန့်ကြာနေမှုအခြေအနေ၊ ICC အပေါ် မြန်မာအစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှု၊ NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်ဒေသများတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေမှု၊ လတ်တလော တိုက်ပွဲများဖြစ်ပွားနေရသည့်အကြောင်းအရင်းများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

စက်မှုဝန်ကြီးဌာနနှင့်ပတ်သက်၍ အရေးပေါ်လူနာတင်ယာဉ်များနှင့် မော်တော်ယာဉ် ထုတ်လုပ်မှု၊ SME ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်မှု၊ မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်မှုတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ပတ်သက်၍ နိုင်ငံတော်ဘဏ္ဍာလေလွင့်မှု၊ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ စာရင်းကွာဟမှုတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**ဟန်မွေး**
**လင်းနိုင်(သတင်းစဉ်)**


# ပညာရေးဝန်ကြီးဌာန
# “၂၀၁၈-၂၀၁၉ ပညာသင်နှစ်”
# မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းကြောင့် လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့် လည်းကောင်း၊ ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့် လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာ ဖြန့်ဝေပေးလိုပါသဖြင့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။

❖ **ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်း**များကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။

❖ အသက် (၅) နှစ်ပြည့်သူတိုင်းအား သူငယ်တန်း(KG)တွင်လည်းကောင်း၊ အသက် (၆) နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1) တွင်လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။

❖ မိဘများအနေဖြင့် မိမိသားသမီးအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။

❖ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများက ကြီးကြပ်၍ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။

❖ သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင်တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄) ကြိမ်သာ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူများ သင်ယူတတ်မြောက်မှု ကောင်းမွန်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။

❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသားသမီးများကို တိုက်တွန်းအားပေးပါရန်။

❖ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။

❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်ပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်နှင့် မှုဝေခြင်းဆိုင်ရာ အစီအစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။

❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**




**ပြည်ပသတင်းမီဒီယာအဖွဲ့များ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးတံတားကို ကြည့်ရှုလေ့လာစဉ်။**

❖ **ကျောဖုံးမှ**

ထုတ်ယူနိုင်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ Biometric ရယူခြင်းဆိုင်ရာအကြောင်းအရာများ၊ NV ကတ်ထုတ်ယူရရှိနိုင်ရေးလုပ်ငန်းစဉ်များနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းအတွင်း လှည့်လည်သတင်းရယူကြသည်။

ဆက်လက်၍ သတင်းအဖွဲ့သည် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းသို့ ရောက်ရှိပြီး နယ်နိမိတ်မျဉ်းအနီး နေထိုင်ကြသူများအား တွေ့ဆုံသတင်းရယူကြသည်။

ညနေပိုင်းတွင် သတင်းအဖွဲ့သည် စစ်တွေမြို့သို့ ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။ **သတင်းစဉ်**



# မန္တလေးမြို့ ဓာတ်အားခွဲရုံ ထရန်စဖော်မာ မီးလောင်

**မန္တလေး မေ ၂၃**
မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင် ဓာတ်အားခွဲရုံရှိ ၂၀၀၀၀ ကေဗွီ ထရန်စဖော်မာတစ်လုံးမှ မေ ၂၃ ရက် ညနေ ၃ နာရီတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၃၀၊ အုပ်ချုပ်မှုယာဉ် သုံးစီးဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ တို့က သွားရောက်ငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၂၀ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

"Transfer Juter Force ဖြစ်လို့ Boshion ပွင့်ပြီး မီးပွားထွက်ရာက စတင်လောင်ကျွမ်းတာပါ၊ လျှပ်စစ်မီးပြန်လည်ရရှိဖို့ လူအင်အားသုံးပြီး အမြန်ဆုံးပြုပြင်သွားမှာပါ"ဟု အောင်မြေသာစံမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးခင်မောင်ဝင်းက ပြောသည်။

အဆိုပါ မီးလောင်မှုကြောင့် ထရန်စဖော်မာတစ်လုံး ပျက်စီးသွားပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် သိန်း ၅၀ ခန့်မှန်းထားကြောင်း အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးထက်အောင်က ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



**ရန်ကုန်မြို့ တာမွေမြို့နယ် မလွကုန်းဒွေးကြွယ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မေ ၂၂ ရက်က သက်ငယ်မုဒိမ်းမှုများလျော့နည်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်းအရာများကို တာမွေမြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးမြင့် အသိပညာပေးဟောပြောစဉ်။** ကြေးမုံ

# ငွေကျပ် ၁၃ သန်းကျော်တန်ဖိုးရှိ ကျွန်းနှင့် ပိတောက်စားရွှေတုံးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၃**
မူဆယ်နှင့်မန္တလေးမြို့တို့သို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် မေ ၂၂ ရက်တွင် ပိန်းဆာကျေးရွာအနီးတွင် TOYOTA WISH ယာဉ်တစ်စီးနှင့် သိန်းနီတံတားအနီး ကောင်းဟုန်ရွာလယ်ကွင်းအတွင်း၌ NISSAN ELGRAND ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် ကျွန်းစားရွှေတုံး ၄၀ (သုည ဒသမ ၅၁၁၈ တန်)၊ ပိတောက်စားရွှေ ၃၄ တုံး (၁ ဒသမ ၁၂၃၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃ ဒသမ ၄၆၅ သန်းခန့်)ကို သိမ်းဆည်းရမိသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၆၅ စီး၊ သွင်းကုန်အစီး ၉၄၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၇စီး၊ သွင်းကုန် ၁၆၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၄၆၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈ ဒသမ ၀၁ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁ ဒသမ ၄၇၅ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မေ ၂၀ ရက် ညပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေးက သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေး ဟောပြောစဉ်။** ညဏ်ဟိန်း

# ကမာရွတ်မြို့နယ်တွင် ငွေကျပ် သိန်း ၁၇၀၀ ကျော် တန်ဖိုးရှိ စိန်၊ ရွှေ၊ လက်ဝတ်ရတနာမျိုးစုံ ခိုးယူသူများ ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၃**
ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ငွေကျပ် ၁၇၈၂ သိန်းကျော်တန်ဖိုးရှိ စိန်၊ ရွှေ၊ လက်ဝတ်ရတနာမျိုးစုံ ခိုးယူသူများကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂ ရက် နံနက် ၁၀ နာရီခန့်က ကမာရွတ်မြို့နယ် အမှတ်(၁၀)ရပ်ကွက် သံလွင်လမ်းရှိ နေအိမ်မှ စိန်၊ ရွှေ၊ လက်ဝတ်ရတနာမျိုးစုံ၊ မြန်မာငွေနှင့် နိုင်ငံခြားငွေ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၇၈၂၅၀၀၀၀ ပျောက်ဆုံးခဲ့သည်။

ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ မေ ၁၄ ရက် ညနေ ၃ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ကျော်စွာထွန်း(ခ) ကျော်လင်းထွန်း(ခ)ကျော်မင်းထွန်း (၃၇)နှစ်ကို ရန်ကုန်-မန္တလေးကားလမ်းပေါ်၌ Misubishi ယာဉ်နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။



မေ ၁ ရက် ည ၁၁ နာရီက ကမာရွတ်မြို့နယ်ရှိ အခင်းဖြစ်နေအိမ်အတွင်းသို့ အိမ်အနောက်ဘက် လှေကားမှ ဝင်ရောက်ခဲ့ပြီး ဗီရိုအတွင်းရှိ စိန်၊ ရွှေ၊ လက်ဝတ်ရတနာမျိုးစုံနှင့် ငွေများကို ယူဆောင်ကာ မိတ္ထီလာမြို့နယ်သို့ အငှားယာဉ်ဖြင့် ပြန်လာခဲ့ကြောင်း၊ မိတ္ထီလာမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ၎င်းနှင့် ခင်မင်ရင်းနှီးသူ ဝတုတ်(ခ) သောင်းတန် (၃၉)နှစ်အား ၎င်းခိုးယူရရှိလာသော နိုင်ငံခြားငွေများနှင့် လက်ကောက်နှစ်ကွင်းတို့ကို ပေါင်နှံခိုင်းပြီး ရရှိသောငွေဖြင့် Misubishi ယာဉ်ကို ငွေကျပ် ၇၅ သိန်းဖြင့် လည်းကောင်း၊ Duyan ဆိုင်ကယ်တစ်စီးကို ငွေကျပ် ရှစ်သိန်းဖြင့် လည်းကောင်း ဝယ်ယူခဲ့ကြောင်း၊ ဆိုင်ကယ်မှာ အခိုးခံခဲ့ရပြီး လက်ဝတ်ရတနာများကို ရောင်းချခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ခိုးယူခံရသည့် ပစ္စည်းနှင့်ငွေများကို ရောင်းချခဲ့သည့် ရွှေဆိုင်၊ အပေါင်ဆိုင်များမှ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၇၀၄ သိန်းကျော်ဖိုး ပြန်လည်သိမ်းဆည်းရရှိခဲ့ပြီး ကျန်ရှိသည့် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ခိုးမှုကျူးလွန်သူ ကျော်စွာထွန်း(ခ) ကျော်လင်းထွန်း(ခ)ကျော်မင်းထွန်းသည် ၂၀၀၈ ခုနှစ်အတွင်းက မရမ်းကုန်းမြို့နယ်အတွင်း ဖောက်ထွင်းမှုကျူးလွန်ခဲ့သဖြင့် ထောင်ဒဏ် ခုနစ်နှစ် ကျခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သယ်န်းကျွန်းမြို့နယ်အတွင်း ခိုးမှုဖြင့် ထောင်ဒဏ်လေးနှစ် ကျခဲ့ကြောင်း သိရသဖြင့် ပြစ်ချက်ဟောင်းရှိ ခိုးမှုကျူးလွန်သူ ကျော်စွာထွန်း (ခ) ကျော်လင်းထွန်း (ခ) ကျော်မင်းထွန်းနှင့် ဝတုတ်(ခ) သောင်းတန်တို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်လင်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၃**
မူးယစ်တပ်ဖွဲ့စု(၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက် နံနက် ၉ နာရီက လှိုင်လင်မြို့ လှိုင်လင် - တောင်ကြီး သွားကားလမ်း ဟိုတင့်ကျေးရွာအနီး၌ ခရီးသည်တင် မော်တော်ယာဉ်ဖြင့် လိုက်ပါလာသူ လှမြင့်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၁၄၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် လှမြင့်(၆၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာ့ရုပ်မြင်သံကြား

**၂၄-၅-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | NRC အစီအစဉ် "ဆန်တိုဟူးလုပ်စားကြမယ်" |
| ၈း၃၅ | "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၅၂) |
| ၈း၄၅ | "မြန်မာပြည်က နေ့ရက်များကို စူးစမ်းလေ့လာခြင်း" |
| ၉း၁၀ | သူတို့ဒေသ၊ သူတို့ဘဝ "ကက္ကူရွာမှာလုပ်တဲ့ ရိုးရာခေါ်ပုတ်" |
| ၉း၃၅ | လှပစုံလင် အာဆီယံတစ်ခွင် |
| ၉း၄၅ | ASEAN Spotlight (Part-28) |
| ၁၀း၃၀ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၃၅ | ဘဝထဲကဝတ္ထု၊ဝတ္ထုထဲကဘဝ "လူနှင့်စိတ်"(မင်းသန့်ကို၊ ဝါးခယ်မရဲမောင်၊ မျောက်ရှုံး၊ ပန်သူမြင့်မိုရ်၊ လွဲလွဲရည်) [ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)] |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၂၃) (မင်းဦး၊ဖိုးသောကြာ၊ဆုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၁၃း၁၅ | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၂) (မန္တလေးမြို့)(ဒုတိယပိုင်း) |
| ၁၄း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်"(အပိုင်း-၃၇) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၂၆) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "၂၀၁၉ ခုနှစ်၊မတ်လတက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့်မေးခွန်းပုံစံသစ်ဆိုင်ရာသိမှတ်ဖွယ်ရာများ" (သမိုင်းဘာသာရပ်) |
| ၁၇း၁၀ | NHK အစီအစဉ် "Mathematica"(ကုဗတုံးများမှ) |
| ၁၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၂၄) (မင်းဦး၊ဖိုးသောကြာ၊ဆုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "မြောင်းမြမြို့ဟောင်းဆီသို့" -America's Got Talent -(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုဇာတ်လမ်း "မမျှော်လင့်သော ဖိတ်ခေါ်သံ" -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ- မေဝင်းမောင်) -အစီအစဉ်ပြီး၏။ |



# အာဆင်နယ်အသင်းနည်းပြနေရာနှင့် လွဲခဲ့ရခြင်းကြောင့် အာတီတာအနေဖြင့် မန်စီးတီးနှင့် စာချုပ်သစ်ချုပ်ဆိုရန်ရှိနေ

အာဆင်နယ်အသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် မိုက်ကယ်အာတီတာသည် နည်းပြ အာစင်ဝင်းဂါးနေရာတွင် ဆက်ခံရန် အာဆင်နယ်အသင်းက ရည်ရွယ်ထားခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းနည်းပြဖြစ်လာရန် ရေပန်းစားခဲ့သော်လည်း လက်ရှိတွင် အာဆင်နယ်အသင်းနည်းပြအဖြစ် ပီအက်စ်ဂျီအသင်းနည်းပြ အီမာရီကို ခန့်အပ်ရန် သတင်းများထွက်ပေါ်လာခဲ့ပြီးနောက် အာတီတာသည် လက်ရှိကလပ် မန်စီးတီးအသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုရန် ရှိနေကြောင်း သိရသည်။

ထို့ကြောင့် မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာနှင့် အသင်းဥက္ကဋ္ဌတို့က အာတီတာအား စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်နေပြီး နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ကမ်းလှမ်းမည်ဖြစ်ကြောင်းလည်း သိရသည်။

အာဆင်နယ်အသင်းက နည်းပြ အီမာရီအား အသင်းနည်းပြအဖြစ်ခန့်အပ်ရန် ဆန္ဒရှိနေခြင်းမှာ အီမာရီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းနှင့်အတူ ပြင်သစ်ပြည်တွင်းဖလားသုံးလုံးစလုံးကို မရယူပေးမီက ဆီဗီလာအသင်းနှင့်အတူ ဥရောပ၏ ဒုတိယအကြီးဆုံးပြိုင်ပွဲဖြစ်သည့် ယူရိုပါလိဂ်ဖလားကို သုံးနှစ်ဆက်တိုက် ရယူပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

**ငွေကြယ်-ရေးသားသည်**

# အင်္ဂလန်အသင်း ကမ္ဘာ့ဖလားရနိုင်ဟု ဟယ်ရီကိန်း ပြောကြား



အင်္ဂလန်လက်ရွေးစင်အသင်းသည် ရုရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဖြစ်နိုင်ကြောင်း အင်္ဂလန်အသင်းခေါင်းဆောင် တိုက်စစ်မှူး ဟယ်ရီကိန်းက ပြောကြားလိုက်သည်။

ဟယ်ရီကိန်းသည် ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၄၁ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့ပြီး စပါးအသင်းကိုလည်း ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် တတိယနေရာ၌ ရပ်တည်နိုင်ရေး စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

"ကမ္ဘာမှာ အကြီးဆုံးပြိုင်ပွဲဖြစ်တာကြောင့် ကမ္ဘာ့ဖလားကို ရယူနိုင်ဖို့ဆိုတာ အိပ်မက်တစ်ခုတော့ မဟုတ်ပါဘူး၊ ကမ္ဘာ့ဖလားကို ကျွန်တော်တို့အသင်း ရယူနိုင်ပါတယ်" ဟု တိုက်စစ်မှူး ဟယ်ရီကိန်းက ဆိုသည်။

အင်္ဂလန်အသင်းသည် တူနီးရှားအသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပထမဆုံးပွဲစဉ်အဖြစ် ဇွန် ၁၈ ရက်တွင် ကစားရမည်ဖြစ်သောကြောင့် ဇွန် ၁၂ ရက်တွင် ရုရှားနိုင်ငံ အရောက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဟယ်ရီကိန်းသည် ပြီးခဲ့သည့်နွေရာသီက စကော့တလန်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည့် ဝင်ခွင့်ပွဲစဉ်တွင် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် စတင်တာဝန်ယူခဲ့ရခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၂၃ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၁၂ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သူဖြစ်သည်။ အင်္ဂလန်အသင်းသည် ဇွန် ၂ ရက်တွင် နိုင်ဂျီးရီးယားအသင်း၊ ဇွန် ၇ ရက်တွင် ကော်စတာရီကာအသင်းတို့နှင့် ခြေစမ်းပွဲ ကစားရမည်ဖြစ်ပြီး ဇွန် ၁၈ ရက်တွင် တူနီးရှားအသင်း၊ ဇွန် ၂၄ ရက်တွင် ပနားမားအသင်း၊ ဇွန် ၂၈ ရက်တွင် ဘယ်လ်ဂျီယံအသင်းတို့နှင့် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များကို ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။



# ယာဂန်ကလော့ပ်၏ ဗိုလ်လုပွဲမှတ်တမ်းဆိုး ဆက်ရှိရန် တိုနီခရူးစ် မျှော်လင့်

ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ တိုနီခရူးစ်က လီဗာပူးနည်းပြ ယာဂန်ကလော့ပ်၏ ဗိုလ်လုပွဲများတွင် မှတ်တမ်းဆိုးရှိသည့် အစဉ်အလာမှာ ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင်လည်း ဆက်လက်တည်ရှိရန် မျှော်လင့်ကြောင်း ပြောကြားသွားခဲ့သည်။ တိုနီခရူးစ်မှာ ၂၀၁၄ ခုနှစ် နွေဈေးကွက်အတွင်း ဘိုင်ယန်မြူးနစ်မှ ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ကလော့ပ်နှင့် ဘွန်ဒက်စ်လီဂါတွင် ပြိုင်ဘက်များအဖြစ် အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ဖူးသူဖြစ်သည်။

ကလော့ပ်မှာ နောက်ဆုံးကိုင်တွယ်ခဲ့သည့် ဗိုလ်လုပွဲ ငါးပွဲစလုံး ရှုံးနိမ့်ထားပြီး နှစ်ကြိမ်မှာ လီဗာပူးတွင် ဖြစ်သည်။ ကလော့ပ် အနိုင်ရသည့် တစ်ခုတည်းသောဗိုလ်လုပွဲမှာ ၂၀၁၂ ခုနှစ် ဂျာမန်ဖလားဗိုလ်လုပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်ဖြစ်သည်။

ကလော့ပ်၏ ဗိုလ်လုပွဲနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် ခရူးစ်က "ဒါကို ကျွန်တော် သိပ်မသိပေမယ့် ဗိုလ်လုပွဲရောက်ဖို့ဆိုတာ အတော်ခက်ပါတယ်၊ ဒါပေမယ့် သူ့ရဲ့ ဒီမှတ်တမ်းမပြောင်းလဲဖို့တော့ ကျွန်တော် မျှော်လင့်ပါတယ်၊ ကလော့ပ်ကိုင်တွယ်တဲ့ အသင်းတွေက အင်မတန်မာကျောသလို မိနစ် ၉၀ လုံး ဖိကစားနိုင်ကြတယ်" ဟု ပြောကြားခဲ့သည်။

ခရူးစ်က လီဗာပူးတွင် အင်မတန်လျင်မြန်တဲ့ တိုက်စစ်အတွဲရှိပြီး အဆိုပါ တိုက်စစ်ကို ရပ်တန့်အောင် ရီးယဲလ်မက်ဒရစ် ကြိုးစားရမည်ကို ရီးယဲလ်အသင်းသားများ အသေအချာသိထားကြောင်း ဆိုခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းသာ မေ ၂၆ ရက် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ဗိုလ်စွဲမည်ဆိုပါက ချန်ပီယံလိဂ်ဖလားဟု အမည်ပြောင်းပြီးနောက် ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်ဆက် ရယူနိုင်သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

**မေလှဲ့သင်း-ရေးသားသည်**

# ရမ်ဆေးနှင့် အူဘာမီယန်းတို့ကို ဗဟိုပြုမည့် အမ်မရီကြောင့် အိုဇေးလ်အတွက် အချက်ပေးမှုဖြစ်လာ

အာဆင်နယ်နည်းပြသစ် ဖြစ်လာတော့မယ့် အူနိုင်းအမ်မရီဟာ သူ့ရဲ့အာဆင်နယ်အသင်း ကစားကွက်တည်ဆောက်မှုမှာ အူဘာမီယန်းနဲ့ ရမ်ဆေးတို့နှစ်ဦးကို ဗဟိုပြုသွားမှာဖြစ်တာကြောင့် အာဆင်နယ်ရဲ့ လစာအများဆုံးရ စူပါစတား အိုဇေးလ်အတွက် အချက်ပေးတပ်လှန့်မှု ဖြစ်လာနိုင်ပါတယ်။ အူနိုင်းအမ်မရီအနေနဲ့ ဝင်းဂါးနေရာကို ဆက်ခံမယ့်သူဖြစ်လာမယ်ဆိုတာ မေ ၂၁ ရက် ညပိုင်းက အတည်ပြုနိုင်ခဲ့တာဖြစ်ပြီး အင်တာဗျူးမှာ ပြောကြားခဲ့တဲ့ အမ်မရီရဲ့ အစီအစဉ်အရ အူဘာမီယန်းနဲ့ ရမ်ဆေးတို့နှစ်ဦးဟာ အာဆင်နယ်ရဲ့ အဓိကကစားသမားနှစ်ဦး ဖြစ်လာမှာ ဖြစ်ပါတယ်။

အိုဇေးလ်ဟာ နည်းပြ ဝင်းဂါးလက်ထက် အသင်းရဲ့အဓိကကစားသမားဖြစ်ခဲ့တယ်ဆိုတာ အငြင်းပွားစရာမရှိခဲ့ဘဲ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်အတွင်းကမှ ၂၀၂၁ ခုနှစ်အထိ သက်တမ်းရှိမယ့် တစ်ပတ်လုပ်ခ ပေါင် ၃၅၀၀၀၀ တန် စာချုပ်သစ်ကို ထပ်မံလက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။ အမှုဆောင်ချုပ် ဂတ်ဇီဒိစ်၊ ဘောလုံးဆက်သွယ်ရေးအကြီးအကဲ ရှန်လီဟီ၊ ခန့်အပ်ရေးတာဝန်ခံ မစ်လစ်တန့်တို့က အမ်မရီကို အင်တာဗျူးမေးမြန်းချိန်မှာ အမ်မရီက အာဆင်နယ်ကစားသမားတွေရဲ့ တစ်ဦးချင်းအကြောင်းကို ဂယနဏသိထားပြီး သူ့ရဲ့အစီအစဉ်မှာ အဓိကကစားသမားနှစ်ဦးက အူဘာမီယန်းနဲ့ ရမ်ဆေးလို့ ဖြေကြားခဲ့တာဖြစ်တယ်လို့ The Sun သတင်းဌာနက ဖောက်သည်ချသွားခဲ့တာ ဖြစ်ပါတယ်။ အူဘာမီယန်းက ပြီးခဲ့တဲ့ဇန်နဝါရီဈေးကွက်အတွင်းကမှ အာဆင်နယ်ကို ရောက်ရှိလာသူဖြစ်ပေမယ့် ပရီမီယာလိဂ်နဲ့ လျင်လျင်မြန်မြန် အသားကျခဲ့ပြီး ပရီမီယာလိဂ် ၁၃ ပွဲမှာ ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

သတင်းရင်းမြစ်တစ်ခုက "သူ(အမ်မရီ)က အာဆင်နယ်လူစာရင်းကို အတော်ကြီးကို သိထားတာ၊ ကစားသမားတွေရဲ့ ဖြတ်သန်းလာတဲ့ ပရော်ဖက်ရှင်နယ်လမ်းကြောင်း၊ ဒဏ်ရာပြဿနာရရှိမှုသမိုင်းနဲ့ အသင်းမှာ ဘယ်သူတွေက ဘယ်လောက်ကြာအောင် ကစားခဲ့ကြသလဲစတဲ့ အသေးစိတ်ကအစ သူသိနေတာ" လို့ သတင်းပေးခဲ့တာဖြစ်ပါတယ်။



# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၂၁။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကိုဖြစ်စေ သိပ္ပံဆိုင်ရာသုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသန ပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များသတ်မှတ်၍ ဖမ်းဆီးခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

(ခ) သုတေသနပြုလုပ်ခွင့်ရသူအား ကာကွယ်ထားသည့် သဘာဝအပင်ကို စမ်းသပ်ခြင်း၊ မျိုးပွားခြင်းစသည့် သိပ္ပံဆိုင်ရာသုတေသနပြုလုပ်နိုင်ရေးအတွက် သဘာဝထိန်းသိမ်းရေး နယ်မြေမှ ထုတ်ယူခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းများကို သုတေသနလုပ်ငန်းအတွက်ဖြစ်စေ၊ သိပ္ပံနည်းကျအမျိုးအမည် ခွဲခြားရန်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ပသို့တင်ပို့ခွင့် သို့မဟုတ် သယ်ဆောင်ခွင့်ပြုနိုင်သည်။

(ဃ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်များကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသန ပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်း သတ်မှတ်ချက်ဖြင့် တင်သွင်းခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

(င) ပြည်ပမျိုးသဘာဝအပင်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသန ပြုလုပ်ခွင့်ရသူအား စည်းကမ်းချက်များ သတ်မှတ်၍ စမ်းသပ်ခြင်း သို့မဟုတ် မျိုးပွားခြင်း ပြုလုပ်နိုင်ရန် တင်သွင်းခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

၂၂။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအနက် စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်နှင့် မျိုးပွားစိုက်ပျိုးခြင်းပြုနိုင်သော သဘာဝအပင်အမျိုးအမည်များကို ထုတ်ပြန်ကြေညာနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာထားသည့် မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်နှင့် မျိုးပွားစိုက်ပျိုးခြင်းပြုနိုင်သော သဘာဝအပင်များကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ဖမ်းဆီးခွင့်၊ စုဆောင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်ပြုနိုင်သည်။

(ဂ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဝါသနာအရလည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း မွေးမြူခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေနှင့် ကပ်လျက်ရှိသည့် ပတ်ဝန်းကျင်ဒေသအတွင်း လိုအပ်လျှင် တိရစ္ဆာန်မွေးမြူသူနှင့် အပင်စိုက်ပျိုးသူ မည်သူ့ကိုမဆို သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ရောဂါကူးစက်ခြင်းနှင့် မျိုးရိုးဗီဇရောယှက်ခြင်းမှ ကာကွယ်နိုင်ရန် သင့်လျော်သည့် အစီအမံများချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်း ပြုနိုင်သည်။

(င) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကို စီးပွားရေးအလို့ငှာ လည်းကောင်း၊ ဝါသနာအရလည်းကောင်း မွေးမြူနိုင်ရေးနှင့်စိုက်ပျိုးနိုင်ရေးအတွက် စည်းကမ်းချက်များ သတ်မှတ်၍ တင်သွင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့်၊ မျိုးပွားခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ပြုနိုင်သည်။

(စ) ပုဒ်မခွဲ (ခ) နှင့် (င) တို့အရ လုပ်ကိုင်ခွင့်ပြုသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စစ်ဆေးရန် သို့မဟုတ် မှတ်ပုံတင်ရန်သစ်တောအရာရှိ သို့မဟုတ် သိပ္ပံပညာရပ်တာဝန်ခံပုဂ္ဂိုလ်တို့ကို တာဝန်ပေးအပ်ရမည်။

(ဆ) ပြည်တွင်းသို့ တင်သွင်းလာသည့် ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များဖြစ်စေ၊ မျိုးရိုးဗီဇ ပြုပြင်ထားသော တိရစ္ဆာန်နှင့်အပင်များဖြစ်စေ ကူးစက်ရောဂါပိုးကင်းရှင်းမှုမရှိခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုးပါရှိခြင်း၊ အဆိပ်အတောက်ပါဝင်ခြင်း၊ ပြည်တွင်းမျိုးများအပေါ်သို့ မျိုးရိုးဗီဇ ရောယှက်စေနိုင်ခြင်းနှင့် ပြည်တွင်းမျိုးများ၏ မျိုးဆက်ပြန့်ပွားမှုကို ထိခိုက်လာစေနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်စေခြင်းနှင့် အများပြည်သူ၏ ကျန်းမာရေးအပေါ် ထိခိုက်စေခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက ပြည်တွင်းသို့ ဆက်လက်သယ်ဆောင်ခြင်း မပြုရန် တားမြစ်ခြင်း၊ ယာယီထိန်းသိမ်းခြင်း၊ ပြန်လည်သယ်ယူသွားစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်သည်။

၂၃။ (က) ညွှန်ကြားရေးမှူးချုပ်သည် စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခွင့်ပြုထားသော သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်ပသို့ တင်ပို့ခွင့်ပြုရန် ထောက်ခံချက် ပေးနိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့်အပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းကိုဖြစ်စေ ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ပြည်တွင်းသို့တင်သွင်းရန်၊ ပြည်ပသို့တင်ပို့ရန် သို့မဟုတ် ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ရန် ထောက်ခံချက် ပေးနိုင်သည်။

(ဂ) ထောက်ခံချက် ရယူလိုသူသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ)အရ ထုတ်ပေးမည့် ထောက်ခံချက် အတွက် စစ်ဆေးခ၊ ပါမစ်ကြေး သို့မဟုတ် အခြားစရိတ်ကြေးငွေများကို သစ်တော ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်က တာဝန်လွှဲအပ်ထားသော သစ်တောအရာရှိသည် အမဲလိုက်ခွင့်၊ စုဆောင်းခွင့်၊ စီးပွားရေးအလို့ငှာ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် မျိုးပွားခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းခွင့်ပြုနိုင်သည်။

(င) နိုင်ငံတကာ ကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းနှင့် ပြည်ပသို့ တစ်ဆင့်ခံ တင်ပို့ခြင်းတို့အတွက် ပါမစ် သို့မဟုတ် လိုင်စင် ထုတ်ပေးခွင့်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပုဒ်မခွဲ (ခ) အရ ထောက်ခံချက်ရရှိထားသူကိုသာ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးရမည်။

## အခန်း (၆)
## အမဲလိုက်ခြင်း

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ၊ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များနှင့် သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များမှအပ အခြားတောရိုင်းတိရစ္ဆာန်များအား အမဲလိုက်သူကို စည်းကမ်းချက်များ သတ်မှတ်၍ အမဲလိုက်ခွင့် လိုင်စင်ထုတ်ပေးနိုင်သည်။

၂၅။ အမဲလိုက်ခွင့် လိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော အမဲလိုက်ခွင့်လိုင်စင်ခကို ပေးဆောင်ရမည်။

(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) သစ်တောဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၇)
## တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်

၂၆။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရအဖွဲ့နှင့် အခြားမည်သည့် ပုဂ္ဂိုလ် သို့မဟုတ် မည်သည့် စီးပွားရေးအဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း တစ်ခုခုက လုပ်ကိုင်ရန်ဖြစ်စေ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဂ္ဂလိကပိုင် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင် လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၇။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) အရ တည်ထောင် လုပ်ကိုင်ခွင့်ပြုထားသော တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် လိုအပ်လျှင် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၈။ ပုဒ်မ ၂၆ အရ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့် ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၂၉။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်-

(က) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ စိစစ်ပြီး လိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးရမည်။

(ခ) လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၀။ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ပေးသွင်းရမည်။

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ ကွယ်လွန်လျှင် ယင်း၏ တရားဝင်ဆက်ခံသူက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားရမည်။

## အခန်း (၈)
## မှတ်ပုံတင်ခြင်း

၃၁။ (က) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၆/၉၄) အာဏာမတည်မီက လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း လက်ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင်သူသည် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ထားသူထံမှ ရိုးရာဓလေ့ထုံးစံအရ ဆက်ခံရရှိသူမှအပ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ မြို့နယ် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(ဂ) ဤဥပဒေ အာဏာတည်ပြီးနောက် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သုတေသနပြုလုပ်နိုင်ရေးအတွက် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ယင်းတောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို သုတေသနပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တရဖြစ်စေ လက်ဝယ်ထားရှိလိုလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

(ဃ) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ရရှိသူသည် တောရိုင်းတိရစ္ဆာန် မွေးမြူခြင်းနှင့် သဘာဝအပင် မျိုးပွားစိုက်ပျိုးခြင်းတို့အတွက် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(င) ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်ရရှိသူသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့် မှတ်ပုံတင်ကြေးငွေကို ပေးဆောင်ရမည်။

(စ) ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်ခြင်းအတွက် စစ်ဆေးခ၊ မှတ်ပုံတင်ခနှင့် အခြားစရိတ်ကြေးငွေများသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

၃၂။ ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောအရာရှိသည်-

(က) ပုဒ်မ ၃၁ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ငြင်းပယ်ခြင်းခံရသူသည် ငြင်းပယ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောအရာရှိက ချမှတ်ထားသည့် အမိန့်အပေါ် အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၃။ သစ်တောဝန်ထမ်း သို့မဟုတ် အုပ်ချုပ်ရေးမှူးသည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန်အလို့ငှာ ရှာဖွေခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ အုပ်ချုပ်ရေးမှူးသည် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရအဖွဲ့က အစုရှယ်ယာမတည်ငွေရင်း ပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်သုံးသောင်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာအမိန့် ချမှတ်နိုင်သည် -

(က) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသော နေရာသို့ သတ်မှတ်သည့် စည်းကမ်းနှင့် မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊

(ခ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့် ပြုထားသောနေရာမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဂ) လူတို့ မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင် အနှောင့်အယှက်ပေးခြင်း၊

(င) သဘာဝအပင်နှင့် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကိုတစ်နည်းနည်းဖြင့်ပျက်စီးစေခြင်း၊ ခွင့်ပြုချက်မရှိဘဲ ခူးဆွတ်ခြင်း၊ ချိုးဖွဲ့ခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

**ဆက်လက်ဖော်ပြပါမည်။**



## တိုးချဲ့စာသင်ဆောင်နှင့် မြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုအခြေအနေများ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဖောင်းပြင် မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မော်လိုက်ခရိုင်အုပ်ချုပ်ရေးမှူး၊ ဖောင်းပြင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် မေ ၂၃ ရက် နံနက် ၇ နာရီက ဖောင်းပြင်မြို့ အထက ကျောင်းသို့ရောက်ရှိကာ တိုးချဲ့စာသင်ဆောင်အား သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်မှုမရှိသည့် အခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖောင်းပြင်မြို့ ကျွန်းရွှေဝါရပ်ကွက် အမှတ် (၈၇) မူလွန်ကျောင်းသို့ရောက်ရှိကာ တိုးချဲ့စာသင်ကျောင်းဆောင်သစ် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်မှုမရှိသည့် အခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကာ ဖောင်းပြင်မြို့ မြစ်ကမ်းပါး မြေထိန်းနံရံတည်ဆောက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

## တာလေမြို့၌ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်

**တာချီလိတ် မေ ၂၃**
မြန်မာနိုင်ငံ ကြက်ခြေနီအသင်း တာချီလိတ်မြို့နယ် ကြက်ခြေနီအသင်းခွဲက စီစဉ်ဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဖွင့်ပွဲကို မေ ၂၂ ရက် နံနက်က တာလေမြို့ ဗေသလကျေးရွာရှိ ခန်းမဆောင်၌ ကျင်းပသည်။

ခရိုင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က မတော်တဆ ယာဉ်တိုက်မှုဖြစ်ပွားပါက လူအသက် ကယ်ဆယ်နိုင်ရေးနှင့် ရှေးဦးသူနာပြုစုရေး၊ သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်ပါကလည်း ကယ်ဆယ်ရေး လုပ်ငန်းများ လျှင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြမှူး ဦးစိုင်းရှုန်မုန်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးသည်။

သင်တန်းတွင် ကြက်ခြေနီလှုပ်ရှားမှုနှင့် အခြေခံမူများ၊ ရှေးဦးပြုစုခြင်းသဘောတရား၊ လူနာဆန်းစစ်ခြင်း၊ ဦးစားပေးလူနာရွေးချယ်ခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်းနှင့် သတိလစ်ခြင်း၊ အခြေခံ အသက်ကယ်အထောက်ကူပြုနည်း၊ဆို့နင်ခြင်း၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများနှင့် ပိုးမွှားများကိုက်ခြင်း၊ ပတ်တီးစည်းခြင်း၊ လူနာကိုင်တွယ်ခြင်းနှင့် သယ်ဆောင်ခြင်း၊ ပြန်လည်ဆွေးနွေးခြင်းတို့ကို သင်ကြားရာ သင်တန်းသား သင်တန်းသူ ၅၃ ဦး တက်ရောက်သင်ကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဝင်းမြ၊ တာလေမြို့အုပ်ချုပ်ရေးမှူး ဦးခွန်စိုးသူ၊ တာချီလိတ်ခရိုင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးထိန်မင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ပွင့်လင်းရာသီကုန်ဆုံးပြီဖြစ်၍ ညောင်ချောင်းသာအပန်းဖြေစခန်းပိတ်သိမ်း

**ဖျာပုံ မေ ၂၃**
ဧရာဝတီတိုင်းဒေသကြီးအတွင်း ညောင်တုန်းမြို့အနီးတွင် ၂၀၁၃ ခုနှစ်မှစ၍ ပွင့်လင်းရာသီရောက်တိုင်း သဘာဝအလျောက် ဖြစ်ပေါ်လာသည့် သဲသောင်ပြင်ကျယ်အား 'ညောင်ချောင်းသာ အပန်းဖြေစခန်း' အဖြစ် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၁ ရက်တွင် ပွင့်လင်းရာသီ ကုန်ဆုံးပြီဖြစ်၍ ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများထက် တစ်မူထူးခြားနေပြီး ရန်ကုန်နှင့် မနီးမဝေး နေ့ချင်းပြန် အပန်းဖြေသွားရောက်နိုင်သဖြင့် တစ်နှစ်ထက်တစ်နှစ် အပန်းဖြေလာရောက်သူများပြားလာကြောင်း ဒေသထွက်ကုန်များအား ရောင်းချနေသူ ဦးလွင်ကပြောကြားသည်။

၂၀၁၈ ခုနှစ် သင်္ကြန်တွင် လာရောက်အပန်းဖြေသူ ငါးသိန်းကျော်ခန့်ရှိသဖြင့် ယခင်နှစ်ကထက် အပန်းဖြေလာရောက်သူ ပိုများလာကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

## မိုးကောင်းတွင် ငလျင်ဘေးအန္တရာယ်လက်တွေ့သရုပ်ပြ

**မိုးကောင်း မေ ၂၃**
ကချင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ငလျင်ဘေးဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြဇာတ်တိုက်ခြင်းကို မေ ၂၃ ရက် နံနက် ၉ နာရီက အထက(၁) မဏ္ဍူသကခန်းမ၌ ကျင်းပသည်။

ငလျင်နှင့် ပတ်သက်သည့် အသိပညာများ၊ သိကောင်းစရာများ ကြိုတင်ဆွေးနွေးခြင်းများ ပြုလုပ်ပြီး တက်ရောက်လာသူ ဆရာ ဆရာမများအား စာသင်ခန်းတွင်း/ပြင်ရှိနေချိန် ငလျင်လှုပ်ခဲ့လျှင် ဘေးလွတ်ရာသို့ပြောင်းရွှေ့ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ကြသည်။

ပျက်စီးမှုစွမ်းအား ပြင်းထန်သောငလျင်လှုပ်နေချိန်နှင့် လှုပ်ပြီးနောက်တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းတွင်းရှိ ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို သေချာမှုရှိစေရန်နှင့် အင်အားပြင်း ငလျင်လှုပ်ပါက တုံ့ပြန်နိုင်မှု စွမ်းဆောင်ရည်အား မြှင့်တင်ပေးရန် ရည်ရွယ်ကြောင်း သိရသည်။

ငလျင်ဇာတ်တိုက် လေ့ကျင့်ခြင်းဆိုသည်မှာ အင်အားပြင်းငလျင် ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်ရမည့်အစီအစဉ်များ အပါအဝင် ကြိုတင်ပြင်ဆင်မှုများကို ဆန်းစစ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် ပြုလုပ်သည့် သဏ္ဍာန်တူလေ့ကျင့်ခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ငလျင်လှုပ်ခတ်မှုများသော ဒေသများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ပြတ်ရွေ့များလည်း တည်ရှိသောကြောင့် အင်အားပြင်းသော ငလျင်များ အချိန်မရွေး နေရာမရွေးဖြစ်လာနိုင်ကြောင်း သိရသည်။

**သန်းလွင်ဦး (ပြန်/ ဆက်)**

## မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ယင်းမာပင်တွင်ထုတ်ချေး

**ယင်းမာပင် မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မေ ၁၇ ရက်တွင် စည်လှောင်ကျေးရွာအုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူ ၁၉၆ ဦးအား စပါး ၄၆ ဧကနှင့် အခြားသီးနှံ ၁၇၄၈ ဧကအတွက် ငွေကျပ် ၈၀၈ သိန်း ထုတ်ချေးပေးခဲ့သည်။

မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်ဦးစီးမှူး ဦးကျော်ကျော်စန်းက "အရင်နှစ်ကဆိုရင် သုံးယောက်တစ်စုအဖွဲ့လိုက် အာမခံနဲ့ ထုတ်ချေးပေးပါတယ်၊ ဒီနှစ်မှာတော့ တောင်သူတစ်ဦးချင်းကို စာချုပ်နဲ့ ထုတ်ချေးပြီးတော့ ပုံစံ (၇) မူရင်းကို ချေးတဲ့နေ့မှ ချေးငွေအပြေအကျေပေးဆပ်ပြီးမှသာပြန်ထုတ်ပေးမှာပါ" ဟု ပြောကြားသည်။

ယင်းမာပင်မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၈ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၃၆ အုပ်စုရှိ ဘဏ်အဖွဲ့ဝင် တောင်သူများထံသို့ စပါးတစ်ဧက ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အခြားသီးနှံတစ်ဧက ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် လည်းကောင်း စုစုပေါင်း ငွေကျပ်သန်း ၅၄၇၈ ဒသမ ၆၀ ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုး(ပြန်/ဆက်)**

## ပဲခူးမြို့တွင်ငလျင်ဘေးအန္တရာယ်ဆိုင်ရာပညာပေးဆွေးနွေးလေ့ကျင့်

**ပဲခူး မေ ၂၃**
ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံးကဦးဆောင်၍ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုကို ပဲခူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ မေ ၂၃ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းဌေးအောင်က ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်မှု အခြေအနေများကိုရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဆရာမကြီးဒေါ်မေသက်နွယ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဦးစီးမှူး ဦးသန်းထွန်းအောင်က ငလျင်ဘေးအန္တရာယ်ဆိုင်ရာများနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများအား ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှု ဗီဒီယိုမှတ်တမ်းကို ပြသပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကာ ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ကြသည်။

ယခုလို ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်းသည် ပျက်စီးမှုစွမ်းအား ပြင်းထန်သောငလျင်လှုပ်နေချိန်နှင့် လှုပ်ပြီးနောက်တွင် ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများနှင့် ကျောင်းတွင်းရှိ ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို သေချာမှုရှိ စေရန်၊ အင်အားပြင်း ငလျင်လှုပ်ပါက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းတွင်းရှိ ဝန်ထမ်းများ၏ တုံ့ပြန်နိုင်မှု စွမ်းဆောင်ရည်အား မြှင့်တင်ပေးရန်၊ လိုအပ်ပါကပြင်ဆင်ရန်တို့အတွက် ရည်ရွယ်ပြီး ဆရာ ဆရာမများအား လေ့ကျင့်သရုပ်ပြမှု ပြုလုပ်ပေးခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်က ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးဆရာမကြီးနှင့် ဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းနည်းပြများနှင့် G-2 သင်တန်းတက်ရောက်နေသော ဆရာ ဆရာမ ၁၀၇၄ ဦး အပါအဝင် စုစုပေါင်း ၁၂၆၉ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။

ငလျင်ဇာတ်တိုက် လေ့ကျင့်ခြင်းတွင် စီစဉ်ဆောင်ရွက်ခြင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရမည့် အစီအစဉ်ရေးဆွဲခြင်း၊ ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်းမတိုင်မီ ကြိုတင်ရှင်းလင်းဆွေးနွေးခြင်း၊ ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဆန်းစစ်လေ့လာခြင်းဟူ၍ အဆင့်ငါးဆင့် ခွဲခြားသတ်မှတ်ထားပြီး အဆင့်လေး ဇာတ်တိုက်လေ့ကျင့်ခြင်း၌ အချက်ပေးခြင်း၊ တုံ့ပြန်ခြင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ စုဝေးခြင်း၊ လူဦးရေ ရေတွက်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးမှုပေးခြင်း၊ မိဘများထံ ပြန်လည်အပ်နှံခြင်းဟူ၍ အပိုင်း ကိုးပိုင်းခွဲခြားသတ်မှတ်ထားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## သက်ငယ်မုဒိမ်းမှုပပျောက်ရေး မြို့နယ်များတွင်အသိပညာပေး

**ရန်ကုန် မေ ၂၃**
လမ်းမတော်မြို့နယ် အမှတ် (၉) ရပ်ကွက် မင်းရဲကျော်စွာလမ်း ခုတင် ၅၀၀ ဆေးရုံရှေ့တွင် မေ ၁၈ ရက် နံနက် ၈ နာရီက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်လွင်ဦးနှင့် တာဝန်ရှိသူများက ပြည်သူ ၁၀၀ ကျော်အား သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**နိုးတူး(ကျောက်တန်း)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)**
ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့ ထားဝယ်ချောင် ရဲကင်းစခန်းမှ ရဲကင်းစခန်းမှူး ဒုရဲအုပ်ယာချမ်းမြေ့အောင်သည် မေ ၂၁ ရက် ညနေ ၅ နာရီက (၅၁) ရပ်ကွက် အောင်သစ္စာလမ်းနှင့် ဘုရင့်နောင် (၃) လမ်းထောင့်ရှိလမ်းဆုံနေရာ၌ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းအသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



## သိုင်းရှိုက်ရောဂါခံစားနေရတဲ့ ဂျက်လီ

နာမည်ကျော် ကိုယ်ခံပညာရှင် မင်းသားကြီး ဂျက်လီဟာ သိုင်းရွိုက်ရောဂါ ခံစားနေရကြောင်း မကြာသေးမီက ပရိသတ်တစ်ဦးက သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၉ ရက်မှာတော့ ဘုံကျောင်းတစ်ကျောင်းကို တက်ရောက်လာတဲ့ ဂျက်လီရဲ့ ဓာတ်ပုံကို ပရိသတ်တစ်ဦးက သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး မင်းသားကြီးရဲ့ သိုင်းရွိုက်ရောဂါဟာ ကျောရိုးမကြီးနဲ့ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ အသက် (၅၅) နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်လီဟာ ယခင်ကလည်း သူဟာ သိုင်းရွိုက်မှ သိုင်းရိုဇင်းဟိုမုန်းထုတ်လုပ်မှုလွန်ကဲတဲ့ ဝေဒနာ ခံစားနေရပြီး အဆိုပါရောဂါဟာ ခန္ဓာကိုယ်အလေးချိန်ကို အကျိုးသက်ရောက်မှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်အတွင်း ရောဂါအကြောင်း ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

# ဆုပေးပွဲပါတီကို တက်ရောက်မယ့်အစား ပရိသတ်တွေနဲ့ တွေ့ဆုံခဲ့တဲ့ BTS



တောင်ကိုရီးယားရဲ့ ကမ္ဘာကျော် အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ နိုင်ငံတကာတေးဂီတ ထူးချွန်ဆုပေးပွဲကြီးဖြစ်တဲ့ "Billboard Music Awards" ဆုပေးပွဲ အပြီး ကျင်းပခဲ့တဲ့ ပါတီပွဲကို တက်ရောက်ခဲ့ခြင်းမရှိပါဘူး။ ဒီလို ထူးချွန်ဆုလက်ခံရယူအပြီး ပါတီပွဲကို ပျော်ပျော်ပါးပါး ဆင်နွှဲရမယ့်အစား "BTS"ကတော့ ပရိသတ်တွေကို အချိန်ပေးခဲ့တာဖြစ်ပါတယ်။ "BTS" ဟာ ဆုပေးပွဲအပြီးမှာတော့ အခန်းတစ်ခန်းအတွင်း အဖွဲ့ဝင်တွေ စုစည်းကာ အွန်လိုင်းကနေ ပရိသတ်တွေအတွက် တိုက်ရိုက်ထုတ်လွှင့်မှုတစ်ခု ပြုလုပ်ခဲ့ပြီး ပရိသတ်တွေကို အချိန်ပေးတွေ့ဆုံခဲ့တာဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BTS"ဟာ မေ ၂၀ ရက်မှာ ကျင်းပခဲ့တဲ့ နိုင်ငံတကာတေးဂီတ ထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "Billboard Music Awards"မှာ ထူးချွန်ဆုကို ထပ်မံဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ယမန်နှစ်က ကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲမှာလည်း "Top Social Artist" ဆုကို ဆွတ်ခူးထားနိုင်ခဲ့တာဖြစ်တာကြောင့် ဒီနှစ်ရရှိခဲ့တဲ့ ဆုဟာ ကေပေါ့ပ်ကြယ်ပွင့်တွေအတွက်တော့ ဒုတိယအကြိမ်မြောက်ပါ။ ဒီဆုဟာ ပရိသတ်တွေပေးတဲ့ မဲအရေအတွက် အများဆုံးဖြစ်ခဲ့တာကြောင့် ရရှိခဲ့တာဖြစ်တဲ့အတွက် "BTS" အနေနဲ့ ပရိသတ်တွေကို ကျေးဇူးတုံ့ပြန်ချင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နည်းလမ်းတွေလည်း ရှာဖွေခဲ့ပြီး ဆုပေးပွဲအပြီးမှာတော့ လက်ဗီးဂက်စ်မှာ ရှိနေစဉ် ပရိသတ်တွေကို အွန်လိုင်းကနေတစ်ဆင့် တွေ့ဆုံကာ စကားတွေ ပြောကြားခဲ့ကြတာ ဖြစ်ပါတယ်။

၁၃ မိနစ်ကြာ ထုတ်လွှင့်ခဲ့တဲ့ "BTS"ရဲ့ ဗီဒီယိုတိုက်ရိုက်ထုတ်လွှင့်မှုအတွင်း အဖွဲ့ဝင်တွေက သူတို့ရဲ့ အတွေ့အကြုံတွေကို မျှဝေခဲ့ကြပါတယ်။ အဲဒီနောက် ထူးချွန်ဆု လက်ခံရရှိခဲ့တဲ့အတွက် ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း တစ်ဦးချင်းစီက ထုတ်ဖော်ပြောကြားခဲ့ကြပါတယ်။ ဒါ့အပြင် ပရိသတ်တွေနဲ့ ဂုဏ်ပြုပွဲကိုလည်း အတူပြုလုပ်ခဲ့ကြတာတွေ့ရပါတယ်။ "BTS" ရဲ့ ပရိသတ်အဖွဲ့ဖြစ်တဲ့ "ARMYs"တွေရဲ့ မဲအရေအတွက်ဟာ "Billboard Music Awards" ဆုပေးပွဲမှာ ဆုရရှိခဲ့တဲ့ နှစ်နှစ်တာလုံးမှာ စံချိန်တင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း အဖွဲ့အနေနဲ့ "Top Social Artist" ဆုလက်ခံရရှိခဲ့ပြီး မဲအရေအတွက် အများဆုံးရရှိခဲ့တဲ့ စံချိန်တင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ မဲတွေ စတင်ပေးခွင့်ပြုခဲ့တဲ့ အချိန်ကစလို့ ၂၄ နာရီအတွင်း မဲအများဆုံးရရှိခဲ့တဲ့ တေးသံရှင်အဖြစ် "BTS" က မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။ ယမန်နှစ်ကလည်း ဒီစံချိန်ကို "BTS"ကပဲ ရယူထားခဲ့တာဖြစ်ပေမယ့် ဒီနှစ်မှာတော့ ပိုများတဲ့ မဲအရေအတွက်နဲ့ စံချိန်သစ်ချိုးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီနှစ်မှာတော့ "BTS"ဟာ "Top Social Artist" ဆုအတွက် ဆန်ခါတင်စာရင်းကို နာမည်ကျော် တေးသံရှင်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာ၊ ဒေမီလက်ဗားတိုး၊ ဆွမ်မန်းဒပ်စ်၊ အရီရန်နာဂရန်းဒ်တို့နဲ့အပြိုင် ဆန်ခါတင်စာရင်းဝင်ခဲ့တာ ဖြစ်ပါတယ်။ ဆုပေးပွဲညမှာတော့ မဲအရေအတွက် အများဆုံးနဲ့ ထူးချွန်ဆုဆွတ်ခူးခဲ့တာပါ။

ယခုလို ကျော်ကြားတဲ့ နိုင်ငံတကာ တေးဂီတဆုပေးပွဲကြီးမှာ ထူးချွန်ဆုရရှိခဲ့တဲ့ "BTS"ဟာ ဆုပေးပွဲအပြီးမှာ နိုင်ငံတကာက ပရိသတ်တွေနဲ့တွေ့ဆုံကာ အမှတ်တရဓာတ်ပုံတွေ ရိုက်ကူးခဲ့ကြပါတယ်။ ဒါ့အပြင် နိုင်ငံအသီးသီးက ကျော်ကြားတဲ့ တေးသံရှင်တွေနဲ့လည်း တွေ့ဆုံခွင့်ရခဲ့ပြီး ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်နဲ့ တွဲဖက်ကာ အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ပါတယ်။ ဒီဓာတ်ပုံကိုတော့ အဖွဲ့ရဲ့ တရားဝင်လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်မှာ ပြန်လည်ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အဆိုပါဆုပေးပွဲမှာ "BTS" ဟာ တေးသီချင်းသစ်တစ်ပုဒ်နဲ့လည်း ဖျော်ဖြေ တင်ဆက်ခဲ့ပါတယ်။ ဒီဖျော်ဖြေမှုဟာ တေးအယ်လ်ဘမ်သစ်ရဲ့ ပထမဆုံးသော ဖျော်ဖြေမှုဖြစ်တဲ့အပြင် အဖွဲ့ဝင်တွေအနေနဲ့ နိုင်ငံတကာကို တိုက်ရိုက်ထုတ်လွှင့်နေတဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ ပထမဆုံး ဖျော်ဖြေတင်ဆက်ခဲ့တာလည်း ဖြစ်တယ်လို့ သိရပါတယ်။

## နိုင်ငံလေးနိုင်ငံရှိ မည်သည့်ဖုန်းနံပါတ်ကိုမဆို အလွယ်တကူခေါ်နိုင်သော သက်သာသော အစီအစဉ်စတင်

**ရန်ကုန် မေ ၂၃**

မြန်မာနိုင်ငံမှ တယ်လီနောဖုန်းကတ် အသုံးပြုသူများအတွက် Call Like Home အစီအစဉ်ကို စတင်လိုက်ပြီဖြစ်ပြီး ၎င်းတို့အနေဖြင့် ထိုင်း၊ တရုတ်၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ရှိ မည်သည့်ဖုန်းနံပါတ်ကိုမဆို လွယ်ကူစွာ ဖုန်းခေါ်ဆိုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ယခု မိတ်ဆက်လိုက်သော အစီအစဉ်အရ တယ်လီနော ကြိုတင်ငွေဖြည့် ဖုန်းကတ်သုံးစွဲသူများအနေဖြင့် အဆိုပါလေးနိုင်ငံမှ မိုဘိုင်းနှင့် လိုင်းဖုန်းများကို တစ်မိနစ်လျှင် ၂၇ ကျပ်ဖြင့် တိုက်ရိုက် ဖုန်းခေါ်ဆိုနိုင်ပြီဖြစ်သည်။ အဆိုပါနိုင်ငံများသို့ ပုံမှန် တိုက်ရိုက်ဖုန်းခေါ်ဆိုမှု နှုန်းထားများသည် တစ်မိနစ်လျှင် ကျပ် ၂၀၀ ကျသင့်သည့်အတွက် ဤအစီအစဉ်အသစ်အသုံးပြု၍ ဖုန်းခေါ်ဆိုပါက ၈၇ ရာခိုင်နှုန်းအထိ ကုန်ကျစရိတ်သက်သာမည် ဖြစ်ကြောင်းသိရသည်။

"ဒီလိုနှုန်းထားအသစ်တွေ မိတ်ဆက်လိုက်တဲ့အတွက်ကြောင့် အာရှတစ်ခွင်မှာ ပိုမိုဆက်သွယ်ချိတ်ဆက်နိုင်လာတဲ့ အကျိုးကျေးဇူးကို ကျွန်တော်တို့ တယ်လီနောဖုန်းကတ်သုံးစွဲသူတွေ ခံစားလာရမှာပါ။ တရုတ်၊ ထိုင်း၊ မလေးရှားနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေမှာရှိနေတဲ့ မိတ်ဆွေသူငယ်ချင်း၊ မိသားစု ဒါမှမဟုတ် စီးပွားရေးအဆက်အသွယ်တွေဆီကို ဖုန်းခေါ်ဆိုရာမှာ ပြည်တွင်းနှုန်းထားနဲ့ သိပ်မကွာတဲ့ ဈေးနှုန်းနဲ့ ခေါ်ဆိုနိုင်ပါပြီ။ ဥပမာ မြန်မာနိုင်ငံကနေ ဗန်ကောက် သို့မဟုတ် ပေကျင်းမြို့ကို ဖုန်းခေါ်တဲ့အခါ ပြည်တွင်းက တခြားမြို့တစ်မြို့ကို ဖုန်းခေါ်သလိုပဲ လွယ်ကူပြီး ဈေးနှုန်းသက်သာမှာဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ်ဖြစ်သူ Joslin Myrthong က ပြောကြားသည်။

အသုံးပြုသူများ အနေဖြင့် အပတ်စဉ်သုံးနှင့် လစဉ်သုံးနှစ်မျိုးရှိသည့် နိုင်ငံရပ်ခြား တိုက်ရိုက်ဖုန်းခေါ်ဆိုမှု အစီအစဉ်များအနက် ၎င်းတို့ကြိုက်နှစ်သက်ရာ အစီအစဉ်ကို My Telenor App မှတစ်ဆင့် ရယူနိုင်မည် ဖြစ်သည်ဟု ဆိုသည်။ အပတ်စဉ်သုံး ဖုန်းခေါ်ဆိုမှု အစီအစဉ်အား တစ်ခါစာရင်းသွင်းရယူပါက ကုန်သွယ်လုပ်ငန်းခွန် အပါအဝင် ကျပ် ၄၅၀ ကျသင့်မည်ဖြစ်ပြီး လစဉ်သုံး ဖုန်းခေါ်ဆိုမှု အစီအစဉ်အား တစ်ခါ စာရင်းသွင်း ရယူပါက ကုန်သွယ်လုပ်ငန်းခွန် အပါအဝင် ကျပ် ၁၅၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။ ဤအစီအစဉ်အား တယ်လီနော၏ Prepaid အသုံးပြုသူများသာ ရယူအသုံးပြုနိုင်မည်ဖြစ်ပြီး ဝယ်ယူထားသည့် အစီအစဉ်များ ကုန်ဆုံးသည့်အခါ အလိုအလျောက် သက်တမ်းတိုး ရယူခြင်းမရှိသဖြင့် သုံးစွဲသူကိုယ်တိုင်က ထပ်မံဝယ်ယူရန်လိုအပ်သည်ဟု သိရသည်။ အဆိုပါ လေးနိုင်ငံအပြင် စင်ကာပူ၊ ပါကစ္စတန်၊ အင်ဒိုနီးရှားနှင့် ထိုင်ဝမ်သို့ သွားလာလည်ပတ်သည့် သူများအတွက် အင်တာနက်အသုံးပြုရာတွင် ဈေးနှုန်းသက်သာသော Asia 8 Data Roaming အစီအစဉ်ကိုလည်း ဧပြီလက မိတ်ဆက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇာဏီ**

## မကြာမီ စတင်ရောင်းချသွားနိုင်ဖွယ်ရှိသည့် လျှပ်စစ်မော်တာနှစ်လုံးပါဝင်သော Tesla Model 3



နာမည်ကျော် လျှပ်စစ်ကား ထုတ်လုပ်သည့် Tesla ကုမ္ပဏီသည် နည်းပညာမြင့်မားပြီး အမြန်ဆုံးမောင်းနှင်နိုင်သည့် လျှပ်စစ်ကားများကို ထုတ်လုပ်ရောင်းချလျက်ရှိရာမှ ယခုအခါ လျှပ်စစ် မော်တာ နှစ်လုံး (Dual-Motor) တပ်ဆင်ထားပြီး All Wheel Drive မောင်းနှင်နိုင်သော Tesla Model 3 အမျိုးအစား လျှပ်စစ်ကားများကို ထုတ်လုပ်ခဲ့ပြီး ရောင်းချရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း Tesla ၏အမှုဆောင်အရာရှိချုပ် Elon Musk က သူ၏အွန်လိုင်းစာမျက်နှာတစ်ခုတွင် ထုတ်ပြန်ကြေညာလိုက်ကြောင်းသိရသည်။

ယခင်မော်ဒယ်ဟောင်းတွင် လျှပ်စစ်မော်တာတစ်လုံးသာပါဝင်ခဲ့ရာမှ ယခုထပ်မံရောင်းချမည့် AWD အမျိုးအစားများတွင် လျှပ်စစ်မော်တာနှစ်လုံးထည့်သွင်းပေးသွားမည်ဖြစ်ပြီး မော်ဒယ်ဟောင်းကားများတွင်လည်း ထပ်မံတပ်ဆင်လိုပါက ဒေါ်လာ ၅၀၀၀ ထပ်မံပေးချေ၍ လျှပ်စစ်မော်တာတစ်လုံး ထပ်မံထည့်သွင်းနိုင်မည်ဖြစ်ကြောင်းသိရသည်။ Tesla Model 3 AWD အမျိုးအစားများသည် ရပ်ထားသည့်နေရာမှ ၃ ဒသမ ၅ စက္ကန့်အတွင်း မိုင် ၆၀ အရှိန်မြင့်တင် မောင်းနှင်နိုင်မည်ဖြစ်ပြီး တစ်နာရီလျှင် ၁၅၅ မိုင်နှုန်းဖြင့် မိုင် ၃၁၀ အထိ မရပ်မနားမောင်းနှင်နိုင်သည့် ကြာရှည်ခံဘက်ထရီလည်း ပါဝင်မည်ဖြစ်သည်။

စွမ်းဆောင်ရည်ကောင်းမွန်ပြီး မြင့်မားသည့်နည်းပညာများထည့်သွင်းပေးထားကာ ကားအတွင်းပိုင်းလှပသပ်ရပ်သော Tesla လျှပ်စစ်ကားများမှာ ကမ္ဘာတစ်ဝန်းနာမည်ကျော် လူကြိုက်များလျက်ရှိနေပြီး ဈေးနှုန်းမှာလည်း Tesla Model 3 AWD ကားအမျိုးအစားကို အမေရိကန်ဒေါ်လာ ၇၈၀၀၀ ကျသင့်မည်ဖြစ်ကာ Auto Pilot နည်းပညာ စနစ်ထည့်သွင်းမည်ဆိုပါက အခကြေးငွေ ထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်းသိရသည်။ တန်ဖိုးအားဖြင့် BMW M3 အမျိုးအစားကားတစ်စီးစာရှိသော်လည်း Tesla Model 3 မှာ ၎င်းကားထက် ၁၅ ရာခိုင်နှုန်း ပိုမိုမြန်ဆန်မည်ဖြစ်သည် ဟု Elon Musk က ထပ်မံပြောကြားခဲ့သည်။ လောင်စာဆီဈေးနှုန်းများ ကမ္ဘာတစ်ဝန်းမြင့်တက်နေချိန်တွင် မော်တော်ယာဉ်ဈေးကွက်အတွင်း လျှပ်စစ်ကားများမှာ စိတ်ဝင်စားမှု မြင့်တက်လာခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း မြင်တွေ့နေရသည့် လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်များကို အစီးရေတိုးထုတ်လုပ်ကာ ဈေးကွက်အတွင်း ပို့ဆောင်နိုင်ရန် မော်တော်ယာဉ်ကုမ္ပဏီများမှ အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

**ALEX**




# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## သမိုင်းစက်ဝန်း

သမိုင်းသည် အကြိမ်ကြိမ်ထပ်ကာထပ်ကာ ဖြစ်ပေါ်တတ်သည်ဟု စာရေးဆရာ မောင်သန်းဆွေ (ထားဝယ်) စီစဉ်ရေးသားသည့် သမိုင်းစက်ဝန်း စာအုပ်ထွက်ရှိလာသည်။

မန္တလေးမြို့၏သမိုင်းဝင် ရှေးဟောင်းရွှေနန်းတော်ကျောင်းကြီးသည် ယနေ့ထိတိုင် အရှေ့ပြင် အတုမရှိတိုက်တော်အတွင်း၌ တည်ရှိနေသည်။ သီပေါမင်းကောင်းမှုဆိုသော်လည်း မင်းတုန်းမင်းတရားကြီး မြို့တည်ထောင်စဉ်ကပင် စံမြန်းတော်မူခဲ့သည့် ရွှေနန်းဆောင်ဖြစ်ရာ ရာပြည့်အဆောက်အအုံများစာရင်းတွင် ထည့်သွင်းရေတွက်ရမည့် သမိုင်းဝင်အဆောက်အအုံဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကံကောင်းထောက်မစွာကျန်ရစ်ခဲ့သော ရွှေနန်းတော်ကျောင်းကြီးကို စနစ်တကျ ပြန်လည်ပြုပြင်ကာ ထိန်းသိမ်းထားသင့်ပေသည်။ အဆိုပါ ရွှေနန်းတော်ကျောင်းကြီးသည် နှစ် ၁၅၀ ကျော် ၁၆၀ နီးပါးရှိကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက နှစ်စဉ်နီးပါး ပြုပြင်ပေးလျက်ရှိသည်။

**စာအုပ်ကို နန်းဒေဝီစာပေ၊ အမှတ် – ၂၀၀(ပထမထပ်)၊၃၆ – လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း – ၀၁ – ၃၈၃၀၂၅နှင့် ၀၁ – ၃၉၁၆၃၃တို့မှ တန်ဖိုးငွေကျပ်၂၅၀၀ ဖြင့် ဖြန့်ချိသည်။**




## သစ္စာအဓိဋ္ဌာန်ပြုရောဂါပြန် သက်တော်ရှည်ဆေး

စာရေးသူ ဦးကျော်ဇေယျစီစဉ်ရေးသားသည့် သစ္စာအဓိဋ္ဌာန်ပြု ရောဂါပြန် သက်တော်ရှည် ဆေးစာအုပ်ထွက်ရှိလာသည်။

သန့်ရှင်းသောဖန်ခွက်တစ်ခုတွင် ရေသန့်အပြည့်ထည့်ပါ သို့မဟုတ် ရေသန့်ဘူး အသုံးပြုလျှင်လည်းရသည်။ ရေသန့်ဘူးဖြစ်ပါက အဖုံးဖွင့်၍ ရှေ့တွင်ထားကာ သစ္စာဆိုခြင်း၊ သစ္စာပြုခြင်းကို ပြုလုပ်ရမည်ဖြစ်သည်။ ထိုသို့မပြုမီ ကိုယ်နှင့် ခံတွင်းကို သန့်စင်ပြီးမှ ဆောင်ရွက်ရမည်။ ဦးစွာပထမ ဗောဇ္ဈင်သုတ်ကိုရွတ်ပွားပါ၊ အလွတ်မရပါက စာကိုကြည့်၍ရွတ်ပွားနိုင်သည်။ ထိုသို့ရွတ်ပွားပြီးနောက် လောကစောင့် ပုဂ္ဂိုလ်များကို တိုင်တည်ကာ သစ္စာဆို၊ သစ္စာပြုရပါမည်။ ထိုသို့ စီစဉ်ဆောင်ရွက်ပြီးပါက သစ္စာရေကိုသောက်သုံးခြင်း၊ လူးပေးခြင်း၊ ပက်ဖျန်းပေးခြင်းအားဖြင့် အနာတရ၊ ရောဂါဘယတို့မှ ကင်းဝေးနိုင်မည်ဖြစ်သည်။

**စာအုပ်ကို စကားပြောနေသူများစာပေ၊ အမှတ် – ၁၇၈/ဘီ၊ ၄ – လွှာ၊အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိသည်။**

## လောကအလယ်သက်ရှစ်ဆယ် (နှစ်ရှစ်ဆယ်အတ္ထုပ္ပတ္တိ)




စာရေးဆရာ ဒေါက်တာမောင်မောင်ညို ဘဝတစ်လျှောက် ဖြတ်သန်းခဲ့ရသည့် အကြောင်းအရာများကို စုစည်းရေးသားထားသည့် လောကအလယ် သက်ရှစ်ဆယ် (နှစ်ရှစ်ဆယ် အတ္ထုပ္ပတ္တိ)စာအုပ်ထွက်ရှိလာသည်။

လူတစ်ယောက်အနေဖြင့် လူ့လောကတွင် အသက်ရှစ်ဆယ်အထိနေရသည် ဆိုလျှင် ကျေနပ်လောက်ပေသည်။ နှစ်ပေါင်းရှစ်ဆယ် နေထိုင်ခဲ့သောကြောင့် လူ့ဘဝတွင် ဘဝမျိုးစုံကခုန်ခဲ့ရသည်။ ပျော်ခဲ့ရသည်။ ကြိုးစားအားထုတ်ခဲ့ရသည်။ ပင်ပန်းဆင်းရဲခဲ့ရသည်။ ဝမ်းနည်းမှုများတွေ့ခဲ့ရသည်။ သို့သော် အားမာန်မလျှော့ဘဲ ဆက်လက်ချီတက်ခဲ့၍ ယခုလိုအသက် ရှစ်ဆယ် ရောက်ခဲ့ရသည်။ လူ့ဘဝရောက်ရှိခိုက်တွင် မိမိအကျိုး၊ မိမိ မိသားစုအကျိုး၊ မိမိ ပတ်ဝန်းကျင်အကျိုး၊ မိမိနိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်ကာ အကျိုးရှိစွာ နေထိုင်စေရန် စာရေးသူ၏ ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံများကို ရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကိုဂုဏ်ထူးစာပေ၊ အမှတ် – ၁၉၂၊ ၃၃ – လမ်း(အထက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း – ၀၁ – ၃၈၆၅၉၀နှင့် ၀၁ – ၃၈၆၅၉၅တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။**

## သမိုင်းမဲ့လူနှင့် အတွေးအမြင်စာစုများ




လူတစ်ယောက်တွင် နားနှစ်ဖက်နှင့် ပါးစပ်တစ်ပေါက်သာ ပါရှိသောကြောင့် ကျွန်ုပ်တို့သည် များများနားထောင်ကာ နည်းနည်းပြောသင့်ကြောင်း စာရေးသူ မောင်ခိုင်လတ် စီစဉ်ရေးသားသည့် သမိုင်းမဲ့လူနှင့် အတွေးအမြင်စာစုများ စာအုပ်ထွက်ရှိလာသည်။

ကျွန်တော်တို့ သမိုင်းဖတ်နေတုန်းမှာပဲ ကျွန်တော်တို့သည် သမိုင်းကို ဖန်တီးနေကြသည်။ အဆိုပါ အသုံးအနှုန်းသည် လူတိုင်းအတွက် မမှန်ကန်နိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် သမိုင်းဟူသောဝေါဟာရအပေါ် ယုံကြည်ရှုမြင်ပုံချင်း မတူကြသောကြောင့်ဖြစ်သည်။ တွေးတတ်သူ တစ်ယောက်သည် နေ့စဉ်နေထိုင်မှု၊ စားသောက်မှု၊ ဝတ်စားဆင်ယင်မှုများသည်ပင် တွေးစရာများဖြစ်လာပြီး နေ့စဉ်မြင်တွေ့နေရသော ပတ်ဝန်းကျင်သည် တစ်နေ့ထက်တစ်နေ့မတူဘဲ ပိုမို ဆန်းကြယ်၊ ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်နေသည်။ အတွေးမခေါင်ဖို့ကတော့ အထူးသတိထားသင့်ကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသည်။

**စာအုပ်ကို ဒေါင်းစာပေ၊ အမှတ် – ၁၁၃၊ ၃၃လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း – ၀၁ – ၃၇၃၂၁၀နှင့် ၀၉ – ၅၁၆၂၀၆၄တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**




## မြန်မာပြည်တစ်ခွင်လမ်းညွှန်

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ နေရာဒေသများကို သိရှိနိုင်စေရန် စာရေးသူ တင်နိုင်တိုးစီစဉ်ရေးသားသည့် မြန်မာပြည်တစ်ခွင် လမ်းညွှန်စာအုပ် ထွက်ရှိလာသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်ဟူ၍ ခရိုင်လေးခုဖြင့်ဖွဲ့စည်းထားပြီး ထိုခရိုင်လေးခု အတွင်းရှိ ကျောက်တံတားမြို့နယ်ရှိ ဆူးလေစေတီတော်ကို ရှေးက မွန်ဘာသာဖြင့် ကျိုက်အသုတ်ဟုခေါ် ဆိုကြသည်။ စေတီဝန်းကျင်တွင် ဆူးလေပင်များ ပေါက်ရောက်နေသဖြင့် ဆူးလေစေတီဟုအမည်ထင်ရှားခဲ့သည်။ ထိုနည်းတူ ရန်ကုန်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် မြို့တော်ခန်းမ၊ မဟာဗန္ဓုလပန်းခြံ၊ ဗိုလ်တထောင်ဘုရားကျောင်း၊ ရန်ကုန်စာတိုက်ကြီးစသည်ဖြင့် ဖော်ပြထားသည့်အပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထင်ကရ နေရာများကိုပါ ထည့်သွင်းဖော်ပြထားသည်။

**စာအုပ်ကို မဏ္ဍိုမစာပေ၊ အမှတ် – ၂၃၇ (ပထမထပ် – ဝဲ)၊ ၃၉ – လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း – ၀၁ – ၈၃၉၂၈၃၅နှင့် ၀၉ – ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ်၅၀၀၀ဖြင့် ဖြန့်ချိသည်။**




## ကိုယ်ရည်ကိုယ်သွေးအရှေ့အရှေ့များ

ခေတ်စနစ်တိုင်းတွင် အောင်မြင်ချင်သည့်လူငယ်များ အများအပြားရှိပြီး အောင်မြင်နိုင်ရန်လည်း တက်တက်ကြွကြွကြိုးစားနေကြောင်း စာရေးသူ နေခြည်ဇေယျ စီစဉ်သည့် ကိုယ်ရည်ကိုယ်သွေး အရှေ့အရှေ့များစာအုပ်တွင် ဖော်ပြထားသည်။

အောင်မြင်ဖို့အတွက်ဆိုလျှင် ရုပ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲဖို့ ကြိုးစားမှုတွေကလည်း စိတ်ခံစားပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် များစွာ အထောက်အပံ့ပေးပြီး လူသားများ၏အောင်မြင်ခြင်း၊ ကျဆုံးခြင်းဆိုသည်မှာ လူသားများ၏စိတ်ကို အခြေခံကာဖြစ်ပေါ်လာသည်။ လူသားတို့၏ ပြင်းပြသည့် စိတ်ဆန္ဒဆိုသည်ကား ကောင်းမွန်သည့် အမူအကျင့်များနှင့် တွဲစပ်မှသာ အခြေခိုင်မာသည့် အောင်မြင်မှုဆီကို တစ်လှမ်းပြီးတစ်လှမ်း တိုးတက်ရောက်ရှိလာကာ ပန်းတိုင်ကိုလှမ်းကိုင်နိုင်မည်ဖြစ်သည်။ အလုပ်တစ်ခုကို စလုပ်ဖို့ ဒါမှမဟုတ် ကိုယ့်ရဲ့အိပ်မက်ပန်းတိုင်ဆီကို အရောက်လှမ်းဖို့ ဘယ်ခြေလှမ်းကစပြီး ဘယ်လိုပြင်ဆင်သင့်သည်ဆိုသည့် အခြေခံသိထားလျှင် ကြိုးစားရာတွင် ခရီးရောက်နိုင်မည်ဖြစ်သည်။ အဆိုပါစာအုပ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖော်ပြထားသည်။

**စာအုပ်ကို စကားပြောနေသူများစာပေ၊ အမှတ် – ၁၇၈/ဘီ၊ ၄ – လွှာ၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ခေတ်မီပြည့်စုံသောလွယ်လွယ်ကူကူအင်္ဂလိပ်စကားပြော




အင်္ဂလိပ်စကားပြော လေ့လာလိုက်စားလိုသူများအတွက် စာရေးသူ ဆရာဦးကြည်ရွှင်စီစဉ်သည့် ခေတ်မီပြည့်စုံသော လွယ်လွယ်ကူကူ အင်္ဂလိပ်စကားပြော စာအုပ်ထွက်ရှိလာသည်။

အမျိုးသားများနှင့် ဆက်သွယ်ရာတွင် အမည်မသိပါက မစ္စတာဟုခေါ် ဆိုနိုင်သည်။ တစ်ဖက်လူကပြန်မေးလို၍၊ အကူအညီတောင်းလိုပါက Excuse me နှင့် စတင်သင့်သည်။ Excuse me ၏အဓိပ္ပာယ်မှာ လမ်းဖယ်ပေးရန်ပြောလျှင် သုံးသကဲ့သို့ တစ်ဖက်လူ၏ပြောစကားကို ထပ်ပြောစေရန် ပြောပါကလည်း Excuse me ကိုသုံးသည်။ အမျိုးသမီးများနှင့် ဆက်သွယ်လျှင် Miss, Madame, Lady, Mis စသည်ဖြင့်သုံးပါ၊ Miss ကို ငယ်ရွယ်သူ အပျိုအရွယ် တွင်သုံးသည်။ Madameကို မိမိထက်အသက်ကြီးသူ၊ လေးစားလောက်သူ အမျိုးသမီးများကို သုံးသည်။ Lady ကို သိပ်မရင်းနှီးသည့် အမျိုးသမီး (မိမိ နှင့်ရွယ်တူ၊ မိမိထက်အသက်ကြီးလျှင် သုံးသည်။ Mis(မစ္စစ်)ဆိုသည့် စကားသည် အိမ်ထောင်ရှင် အမျိုးသမီးများကိုသာ(အမည်မသိမှ) သုံးသဖြင့် သတိထားသုံးသင့်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို မဏ္ဍိုမစာပေ၊ အမှတ် – ၂၃၇ (ပထမထပ် – ဝဲ)၊ ၃၉ – လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း – ၀၁ – ၈၃၉၂၈၃၅နှင့် ၀၉ – ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ်၂၅၀၀ဖြင့် ဖြန့်ချိသည်။**

## မြန်မာအသံထွက်ကိုအင်္ဂလိပ်အက္ခရာဖြင့် ရေးနည်း




MR SUNNYစီစဉ်ရေးသားသည့် မြန်မာအသံထွက်ကို အင်္ဂလိပ်အက္ခရာ ဖြင့်ရေးနည်း စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သရများ၊ ဗျည်းများ၊ မြို့ရွာဒေသအမည်များနှင့် လူအမည်များကိုရေးသားထားသည်။ မြန်မာလူနာမည်များကို ရေးသားရာတွင် အသံထွက်စကားလုံးတိုင်းကို Capital Letter ခေါ် စာလုံးကြီးဖြင့် စ၍ရေးရမည်ဖြစ်ပြီး စာလုံးပေါင်းတစ်ခုနှင့် တစ်ခုဆက်မရေးရ၊ ဘုန်းကြီးနှင့် သီလရှင်တို့၏ ဘွဲ့နာမည်များတွင် ရှေ့ဆုံးအက္ခရာတစ်လုံးကိုသာ စာလုံးကြီးဖြင့်ရေး၍ တစ်ဆက်တည်းစာလုံးပေါင်းရမည်ဖြစ်သည်။ ရာထူး အလုပ်အကိုင်တို့ကို နာမည်ရှေ့ကထည့်၍ အစအဆုံးအက္ခရာ တစ်လုံးကိုသာ စာလုံးကြီးဖြင့်ရေးရ၍ တစ်ဆက်တည်းစာလုံးပေါင်းရမည် ဖြစ်ကြောင်း မြန်မာ-အင်္ဂလိပ်နှစ်ဘာသာကို ဥပမာများနှင့်တကွဖော်ပြထားသည်။

**စာအုပ်ကို စကားပြောနေသူများစာပေ၊ အမှတ် – ၁၇၈/ဘီ၊ ၄ – လွှာ၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော MEC

# MYANMAR EDUCATION CENTRE
# မြန်မာ့ပညာရေးအောင်မြေ

## ကိုယ်ပိုင်အထက်တန်းကျောင်း
## သူငယ်တန်းမှ ဒသမတန်း

- နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။
- စေတနာနှင့် ဝါသနာတို့ကိုအရင်းခံပြီး အင်္ဂလိပ်စာ (4 skills)၊ ပန်းချီပညာ၊ မြန်မာ့ရိုးရာသိုင်းပညာတို့ကို ထပ်ဆောင်း၍ သင်ကြားပေးခြင်းများ ပါဝင်မည် ဖြစ်ပါသည်။
- ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည် အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည် ဖြစ်ပါသည်။
- တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ အင်အားများစွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်အထက်တန်းကျောင်းကြီး ဖြစ်ပါသည်။

| မူလတန်း နှစ်စဉ်ကြေး ၄၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| သူငယ်တန်း (KG) | ၄၀၀၀၀ |
| ပထမတန်း | ၄၀၀၀၀ |
| ဒုတိယတန်း | ၄၀၀၀၀ |
| တတိယတန်း | ၄၀၀၀၀ |
| စတုတ္ထတန်း | ၄၅၀၀၀ |

| အလယ်တန်း နှစ်စဉ်ကြေး ၅၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| ပဉ္စမတန်း | ၄၅၀၀၀ |
| ဆဋ္ဌမတန်း | ၄၅၀၀၀ |
| သတ္တမတန်း | ၄၅၀၀၀ |
| အဋ္ဌမတန်း | ၅၀၀၀၀ |
| **အထက်တန်း နှစ်စဉ်ကြေး ၆၀၀၀၀** | |
| နဝမတန်း | ၅၅၀၀၀ |
| ဒသမတန်း | ၆၅၀၀၀ |

**၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ**

- သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းချိန် နံနက် ၈:၀၀ နာရီမှ နေ့လယ် ၁:၃၀ နာရီအထိ။
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း များအတွက် Study Guide အချိန်များ ရှိပါသည်။

(Study Guide ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ ကျောင်းချိန်နံနက် ၈:၀၀ နာရီမှ ညနေ ၄:၃၀ နာရီအထိ)

*[လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်]*

**ကျောင်းတည်နေရာ**

**MEC-1** အမှတ် (၁၅၈)၊ စရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
**MEC-2** အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၄၄ ၅၀၅၅ ၂၀၃၊ ၀၉ ၇၉၈၃၆၁၈၈၇၊ ၀၉ ၉၆၁၇၃၅၄၅၁



**B.H.M.S.** Business & Hotel Management School

**"Preparing Global Leaders with BHMS & MSI"**

MYANMAR SEARCH INT'L — Knowledge . Career . Family — Since 2007

**Switzerland နိုင်ငံ၏ စီးပွားစီမံနှင့် ဟိုတယ်အုပ်ချုပ်မှုဆိုင်ရာဘာသာရပ်များ ဆွေးနွေးပွဲ**

**Mandalay**
Date : 26. May. 2018 (Saturday)
Time : 1:00 PM - 3:00 PM
Place : Swan Hotel (Yadanar Room)

**Taunggyi**
Date : 27. May. 2018 (Sunday)
Time : 1:00 PM - 3:00 PM
Place : Mountain Star Hotel
( မြကန်သာအဝိုင်းပတ်အနီး )




**Programme**
Diploma, Higher Diploma, Bachelor Degree
M.Sc. Degree, MBA Degree, PGD Culinary
PGD Hospitality, Graduate Certificate
Preparatory English

MSI
09-5103915, 09-402517549
01-389915, 01-373461
No(234), 2nd Floor (Right), Shwebontha Street(Mid Block), Pabedan Tsp, Yangon.



IFT

**THE KEY TO A BRIGHTER FUTURE IS AN EDUCATION THAT NURTURES YOU**

AT IFT YOU WILL FIND THAT KEY

BACHELOR DEGREE PROGRAMMES
CULINARY ARTS MANAGEMENT
HERITAGE MANAGEMENT
HOTEL MANAGEMENT
TOURISM BUSINESS MANAGEMENT
TOURISM EVENT MANAGEMENT
TOURISM RETAIL AND MARKETING MANAGEMENT



www.ift.edu.mo
www.nath-myanmar.com



**စိန်ငါးလုံး လိမ်းဆေးရည်** အမှတ်တံဆိပ်

ကြက်နို ၊ ငါးမျက်စိ၊ နှင်းခူ၊ အကျိတ်၊ မှဲ့ခြောက်၊ မှဲ့ကြီး၊ အသားပို သီးများနှင့် ခြေသည်းလက်သည်း ညှိုမည်းခြင်း၊ အမှုလောင်ခြင်း၊ အဆီပိတ်ခြင်း၊ အနာအမျိုးမျိုးဖြစ်ခြင်း တို့အတွက် 'စိန်ငါးလုံး' လိမ်းဆေးရည်ကို လိမ်းပါ။
